ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (27-8-2006) (၅၀၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ကလေးသူငယ် ကင်ဆာရောဂါ စောစီးစွာ ရှာဖွေဖော်ထုတ် ကုသရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကလေးသူငယ် ကင်ဆာရောဂါ စောစီးစွာရှာဖွေဖော်ထုတ်ကုသရန် ငွေပဒေသာပင် စိုက်ထူခြင်းအခမ်းအနား ကျိုင်းတုံတွင်ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကလေးသူငယ်ကင်ဆာရောဂါ စောစီးစွာရှာဖွေဖော်ထုတ်ကုသရန် ငွေပဒေသာပင်စိုက်ထူခြင်းအခမ်းအနားကို ဩဂုတ် ၂၃ရက်တွင် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်/ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်ဆရာဝန်များ၊ သူနာပြုများ၊ အလှူရှင်များ၊ ဒေသခံ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကလေးသူငယ် ကင်ဆာရောဂါ စောစီးစွာ ရှာဖွေဖော်ထုတ်ကုသရန် ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)တို့၏ လှူဒါန်းငွေကျပ်ငါးသိန်းစီတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် လားရှိုးမြို့မဈေးကြီး လှည့်လည်ကြည့်ရှု မန်ပျင် သွပ်သတ္တုသန့်စင်စက်ရုံနှင့် ကန် ၁၉ ဆင့် ရေကန်တောင်စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့မဈေး အဆင့်မြင့် ဆိုင်ကယ်နှင့် ကားရပ်နားရန် နေရာပါ အဆောက်အအုံနှင့် ဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက်ရေးမန်နေဂျာ ဦးသန့်စင်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် စနစ်တကျဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မြို့မဈေးကြီးအတွင်း ပြည်သူများ ဈေးရောင်းဈေးဝယ် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

သွပ်သန့်စင်စက်ရုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့နယ် မန်ပျင်ကျေးရွာအနီးရှိ သတ္တုတွင်းဝန်ကြီးဌာန၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ကော်နာစတုန်းကုမ္ပဏီလီမိတက်တို့ ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် မန်ပျင် သွပ်သတ္တုသန့်စင်စက်ရုံသို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးဆွေက စက်ရုံနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၈-၂၀၀၆

နေပြည်တော်	၀ ဒသမ	၁၂ လက်မ
မော်လမြိုင်	၇ ဒသမ	၁၃ လက်မ
ရေး	၆ ဒသမ	၈၉ လက်မ
သံတွဲ	၄ ဒသမ	၂၁ လက်မ
ပူတာအို	၃ ဒသမ	၉၀ လက်မ
ဟုမ္မလင်း	၂ ဒသမ	၉၅ လက်မ
ထားဝယ်	၂ ဒသမ	၇၅ လက်မ
မြိတ်	၂ ဒသမ	၅၂ လက်မ
ပဲခူး	၂ ဒသမ	၃၆ လက်မ
မြင်းခြံ	၀ ဒသမ	၅၉ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇–၈–၂၀၀၆
(တနင်္ဂနွေနေ့)

ကျွဲ၊ နွားများတွင်ဖြစ်တတ်သောရောဂါများ သတိပြုကာကွယ်

တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် စက်ကိရိယာများ တိုးတက်သုံးစွဲနေသော်လည်း ကျွဲ၊ နွားများ အသုံးပြုမှုမှာ ယနေ့တိုင် အရေးပါနေဆဲဖြစ်သည်။ ကျွဲ၊ နွားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ အကျိုးပြုလျက်ရှိသဖြင့် ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သောရောဂါများ မကျရောက်စေရန် ဂရုပြုကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွားကောင်ရေ ၁၄ သန်းကျော် မွေးမြူထားရာ နှစ်စဉ် နှစ်ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ယင်းတို့အနက် ခိုင်းကျွဲ၊ ခိုင်းနွားကောင်ရေ ခုနစ်သန်းခန့်နှင့် နို့စားနွားကောင်ရေ တစ်သန်းခန့်ရှိသည်။

ကျွဲ၊ နွားများတွင် ကျောက်ရောဂါ၊ ခွာနာ၊ လျှာနာ၊ သားလျှော၊ ဒေါင့်သန်း၊ ပေါင်ပုပ်လက်ပုပ်နှင့် လည်ချောင်းကွဲ ရောဂါတို့ ဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ဆေးများ စနစ်တကျထိုး၍ သန့်ရှင်းစွာထားရှိမွေးမြူကြရန် လိုအပ်ပေသည်။

ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ကျောက်ရောဂါကို ၁၉၃၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကာကွယ်ဆေးများထိုး၍ ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်တားဆီးလာခဲ့ရာ ရောဂါဖြစ်ပွားမှု တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံကို ကျွဲ၊ နွား ကျောက်ရောဂါကင်းရှင်းသည့်နိုင်ငံအဖြစ် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်တွင် အသိအမှတ်ပြုခဲ့သည်။

ကမ္ဘာပေါ်တွင် ကျွဲ၊ နွား ကျောက်ရောဂါကင်းရှင်းသည့် နိုင်ငံပေါင်း ၈၇ နိုင်ငံရှိသည့်အနက် အာရှမှကိုးနိုင်ငံပါဝင်ရာ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ရောဂါများမှာ မိုးရာသီတွင် အဖြစ်များလေ့ရှိသဖြင့် ထိရောက်သည့်ကာကွယ်ကုသမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ ယခု ရက်ပိုင်းအတွင်း ကမ္ဘာ့အချို့သောနိုင်ငံများရှိ ကျွဲ၊ နွားများတွင် ပေါင်ပုပ်လက်ပုပ်ရောဂါများ ဖြစ်ပွားလျက်ရှိသည်ဟု ကြားသိနေရသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ ကျွဲ၊ နွားများအား သတ်မှတ်ကာလများနှင့်အညီ ရောဂါကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးထားခြင်းဖြင့် ရောဂါကင်းစင်ကာ လယ်ယာလုပ်ငန်းခွင်ကို ထိရောက်စွာ အကျိုးပြုလုပ်ကိုင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးထွန်း–ဒေါ်ကျင်ဆိုင်၊ ဦးထွန်းမြင့်–ဒေါ်လှဒွေးတို့အား ရည်စူး၍ ရန်ကုန်မြို့ လမ်း(၅၀)နေ ဦးခင်မောင်စိုး–ဒေါ်မေစန်း (စေတနာဆေးဆိုင်)နှင့် သမီးများ မဝါလှိုင်စိုး၊ မစန္ဒာဝင်း၊ မခင်သီဟန်မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A.) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၆

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သစ်တောသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping **နှင့် သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဦးအုန်းဝင်းတို့က အမှာစကားပြောကြားကြသည်။**

ဖွင့်ပွဲ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် သုတေသန ပညာရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် အဆင့်မြင့် အရာရှိများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် FREDA, BENCA, CARE နှင့် WCS တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တော သုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

ဖတ်ကြားတင်သွင်း

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သုတေသနဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာများ၊ ဦးစားပေးနယ်ပယ်များ၊ ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စာတမ်းများကို သစ်တောသုတေသနဌာနမှ လေးစောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လေးစောင်၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုံးစောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စောင် စုစုပေါင်း ၁၃ စောင်ကို ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ဖတ်ကြားတင်သွင်း ဆွေးနွေးသွားကြသည်။

အမှာစကား

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာ အခြေခံသင်တန်း (၂/၂၀၀၆–၂၀၀၇)(အချိန်ပြည့်)နှင့် ကွန်ပျူတာမွမ်းမံသင်တန်း(၂/၂၀၀၆–၂၀၀၇) (အချိန်ပိုင်း)သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၂ရက်တွင် နေပြည်တော်ရှိ သစ်တောတက္ကသိုလ်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်ကြား

ကွန်ပျူတာ အခြေခံသင်တန်းကို ရက်သတ္တခြောက်ပတ်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနရှိ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့သည်လည်းကောင်း၊ ကွန်ပျူတာမွမ်းမံသင်တန်းကို ရက်သတ္တ ခြောက်ပတ်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနရှိ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့သည်လည်းကောင်း တက်ရောက် သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၅–၂၀၀၆ ပညာသင်နှစ် တစ်ကျောင်းလုံး၌ အတန်းလိုက် ပထမဆုရရှိခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

ချီးမြှင့်

ယင်းနောက် ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တစ်ကျောင်းလုံး၌ သူငယ်တန်းမှ နဝမတန်းအထိ ပထမရရှိခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ပြုဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုယ်စား နဝမတန်းကျောင်းသူ မတင်တင်ငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇–၈–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –ဓမ္မာနုပဿနာသတိပဋ္ဌာန်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –အိမ်ရှင်မကောင်း**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၁၄:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆက်ကပ်ပညာ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း–၄၉)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Blackburn Rover Vs Chelsea(Live)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

✻ ကလေးသူငယ်မှ

ဝန်ကြီးတို့၏ လှူဒါန်းငွေကျပ် တစ်သိန်းစီ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လှူဒါန်းငွေကျပ် ငါးသောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ လှူဒါန်းငွေကျပ်တစ်သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး မိသားစုက လှူဒါန်းငွေကျပ်တစ်သိန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်စခန်းရုံး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲက လှူဒါန်းငွေကျပ်သုံးသိန်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေါ်နန်းလျှိုမိသားစုတို့က လှူဒါန်းငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဌေးကြွယ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇင်မာဦး၊ ကျိုင်းတုံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အတွင်းရေးမှူး ဒေါက်တာတင်ရှိန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ငွေပဒေသာပင် စိုက်ထူခြင်းအခမ်းအနားတွင် စုစုပေါင်းငွေကျပ်နှစ်ဆယ့်ငါးသိန်း လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အဆိုပါ အထွေထွေရောဂါကုဆေးရုံကြီးအထူးကု ပြင်ပလူနာဌာနခန်းမ၌ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ သက်ကြီးရွယ်အိုများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ရာဖွေဖော်ထုတ်ကာကွယ်ကုသခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များသည် သွေးတိုးနှင့် ဆီးချိုရောဂါဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုနှင့် ဆေးဝါးကုသမှု ခံယူလျက်ရှိကြသည့် ဒေသခံတိုင်းရင်းသား သက်ကြီးရွယ်အို အဘိုး၊ အဘွား ၅၁ ဦးတို့အား ဆေးဝါးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်းထံ ပေးအပ်လှူဒါန်းကြပြီးနောက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့၌ ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲတို့သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူအောင်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့၌ ကျင်းပမည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲတို့သို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ပတ်သက်သည်များကို လည်းကောင်း၊ စက်ရုံလုပ်ငန်း မန်နေဂျာ မစ္စတာရော်ဂျာက သွပ်သတ္တုသန့်စင်မှုလုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့မှ ပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် ပြည်ထောင်စုမြကန်သာ သဘာဝဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်က ရေကန်များ၌ ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး သဘာဝဥယျာဉ်အတွင်း အရိပ်ရသစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုနှင့် ရေကန် ၁၉ ဆင့်အတွင်း သောက်သုံးရေ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုဒုံမြို့နယ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု မူလတန်းကျောင်းများအတွက် စာသင်ခုံများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ရက်က မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အခြေခံပညာ မူလတန်းကျောင်းများအတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** မြို့နယ်ပညာရေးမှူး ဦးတင့်ဇော်ထူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

— ဂုဏ်ပြုဆုချီးမြှင့် —

ယင်းနောက် မုဒုံမြို့နယ် ၂၀၀၅–၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၄၄ဦးအား ဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ (၂၅၇)

မော်လမြိုင်မြို့တွင် ယာဉ်မတော်တဆမှုကျဆင်းရေး ပညာပေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ညွှန်ကြားမှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မော်လမြိုင်မြို့အတွင်း ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေး ရည်ရွယ်လျက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် NGO အဖွဲ့များ ပူးပေါင်းပြီး မော်တော်ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးနင်းသူများအား အသိပေး၊ သတိပေး ကြေညာချက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက် တပ်ဆင်ထားသော လှည့်ကင်းမော်တော်ယာဉ်ဖြင့် လှည့်လည်ပညာပေးဟောပြောဆွေးနွေးခြင်း၊ ဆိုင်ကယ်စီးသူတိုင်း ဆိုင်ကယ်စီး ဦးထုပ်ဆောင်းစေရေး၊ နှစ်ယောက်ထက်ပိုမိုမစီးစေရေးတို့အတွက် စီမံချက်ချမှတ်ပြီး ဩဂုတ် ၂၃ရက်မှစ၍ အသိပေးပညာပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို ကွယ်လွန်သူဖခင်ကြီး ဦးဘခိုင်(ပန်းစွာရွာ)–ဒေါ်စောတင်(ကြည်စု)၊ ဦးထန်ကြည်–ဒေါ်ကြောင်တင်(မြန်အောင်)တို့အား ရည်စူး၍ ဦးလှအောင်(မြန်အောင်)၊ ဒေါ်ခင်ဆွေ၊ သားသမီးမြေးမြစ်တစ်စုက အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အတွင်းရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)အင်းယားမြိုင်လမ်းနေ ဒုတိယဗိုလ်မှူးကြီးသန်းထွင်(ငြိမ်း)–ဒေါ်စန်းမြင့်၊ သားသမီးမြေးတစ်စုတို့က (၄၆)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဂျာမနီနိုင်ငံ နဝက်ဒ်မြို့တွင် ကျင်းပသည့် အနုပညာလက်ရာပြပွဲကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နှစ် ၂၀ အတွင်း တရုတ်နိုင်ငံတွင် လူဦးရေ သန်း ၁၀၀ကျော် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ခဲ့ကြောင်း ပြောကြား

ချန်ဒူး ဩဂုတ် ၂၄

တရုတ်နိုင်ငံတွင် ၁၉၈၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အနှစ် ၂၀ ကာလအတွင်း ဆင်းရဲနွမ်းပါးသူ ဦးရေသန်း ၁၀၀ ကျော် လျော့နည်းသွားကြောင်း၊ တရုတ်နိုင်ငံတွင် ဆင်းရဲသူ လျော့ပါးရေး ကြိုးပမ်းချက်ကြောင့်ဖြစ်ကြောင်း ဆင်းရဲမှု လျော့ပါးရေး လုပ်ငန်းဆိုင်ရာ အထက်တန်း တာဝန်ရှိသူ တစ်ဦးက ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ကုန်ပိုင်းက တရုတ်နိုင်ငံတွင် ဆင်းရဲသူဦးရေ ၂၃ ဒသမ ၆၅ သန်းရှိပြီး ၎င်းတို့၏ တစ်ဦးကျ နှစ်စဉ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၈၅ ဒေါ်လာအောက် ရှိကြောင်း ဖော်ပြထားသည်။ တရုတ်နိုင်ငံရှိ ကျေးလက်ပြည်သူများရရှိသော နှစ်စဉ်ပျမ်းမျှဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းမှာ ၈၅ ဒေါ်လာမျှသာ ရှိကြောင်း ဆင်းရဲမှုလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး လူကျုဝန်က ပြောကြားသည်။

၁၁၈ ဒေါ်လာရှိ

၁၉၈၅ ခုနှစ်က တရုတ်နိုင်ငံတွင် ဆင်းရဲသူဦးရေ ၁၂၅ သန်းရှိပြီး ၎င်းတို့၏ တစ်ဦးကျ ဝင်ငွေသည် တစ်နှစ်လျှင် အမေရိကန် ၈၅ ဒေါ်လာအောက်တွင်ရှိသည်။ သို့ရာတွင် ယခုအခါ တရုတ်နိုင်ငံ၌ ဆင်းရဲသူဦးရေ ၄၀ ဒသမ ၆၇ သန်း ရှိကြောင်း၊ ၎င်းတို့၏ နှစ်စဉ်ဝင်ငွေသည် တစ်နှစ်လျှင် ၁၁၈ ဒေါ်လာရှိကြောင်း၎င်းကပြောကြားသည်။

တရုတ်နိုင်ငံတွင် ပြည်သူများ၏ နေထိုင်မှုအဆင့်အတန်းတိုးတက်ရန်နှင့် ဆင်းရဲမှုနှုန်း လျော့ပါးစေရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၀ ပြည့်နှစ်လယ်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းတွင် ဆင်းရဲမှုနှုန်း လျော့ပါးရေး အားပေးဆောင်ရွက်နိုင်ရန် အဖွဲ့များတည်ထောင်ထားသည်။

သတ်မှတ်ပေး

၂၀၀၆ ခုနှစ် တစ်နှစ်တည်းတွင် ဆင်းရဲမှုလျော့ပါးရေး လုပ်ငန်းအတွက် ယွမ် ၁၃ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇၅ ဘီလီယံ)ကို ဗဟိုအစိုးရက သတ်မှတ်ပေးခဲ့ကြောင်း၊ အနာဂတ်တွင်လည်း ရန်ပုံငွေတိုးတက်သုံးစွဲဆောင်ရွက်မည်ဖြစ်ကြောင်း လူကပြောကြားသည်။

ဗဟိုအစိုးရက ဆင်းရဲမှုအခြေအနေ လျော့ပါးရေးအတွက် ခရိုင် ၅၉၂ ခရိုင်ကို ဦးစားပေး သတ်မှတ်ထားသည်။ ကျေးရွာ ၇၉ ရာခိုင်နှုန်းတွင် အဝေးပြေးလမ်းများနှင့် ဆက်သွယ်နိုင်ရေး၊ ၉၅ ဒသမ ၈ ရာခိုင်နှုန်း၌ လျှပ်စစ်မီးရရှိရေးနှင့် ကျေးရွာ ၇၀ ရာခိုင်နှုန်းတွင် သောက်သုံးရေသန့်ရရှိရေးတို့ကို ယခုနှစ်မကုန်မီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကျေးရွာ ၇၃ ဒသမ ၈ ရာခိုင်နှုန်းတွင် ကြိုးဖုန်းများ တပ်ဆင်ပေးခဲ့ပြီး ကျေးရွာပေါင်း ၈၇ ဒသမ ၆ ရာခိုင်နှုန်းတွင် ရုပ်သံဖမ်းယူကြည့်ရှုနိုင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်တောင်ပိုင်း စိုက်ပျိုးမြေများ၌ သီးနှံဖျက်ပိုး ကျရောက်

ဟနွိုင်း ဩဂုတ် ၂၄

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသများသည် နိုင်ငံ၏ အဓိက စပါးစိုက်ပျိုးထွက်ရှိရာ နေရာဖြစ်ကြောင်း၊ ယင်းဒေသများရှိ ကောက်ပဲသီးနှံပင်များတွင် အပင်ဖျက်ပိုးမွှားများ ကျရောက်မှုကြောင့် အချို့လယ်ကွင်းများ ပျက်စီးနေကြောင်း ဆိုင်ဂုံလွတ်မြောက်ရေး သတင်းစာက ဩဂုတ် ၂၃ ရက်တွင် ရေးသား ဖော်ပြသည်။

ကူးစက်ပျံ့နှံ့

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် စပါးစိုက်ပျိုးထားသော မြေဟက်တာ ၄၉၀၀၀ရှိကြောင်း၊ ဗီယက်နမ် ဆန်စပါးအထွက်နှုန်း၏ ထက်ဝက်ကျော်သည် ယင်းဒေသမှ ထွက်ရှိပြီး နိုင်ငံ၏ ဆန်စပါးတင်ပို့မှု ၉၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း ဖော်ပြထားသည်။ ဇူလိုင်လနှောင်းပိုင်းမှစ၍ စိုက်ပျိုးမြေဟက်တာ ၁၀၀၀၀ ကျော်တွင် ပိုးမွှားကူးစက်ပျံ့နှံ့ ကျရောက်လျက်ရှိသည်။

လာမည့် ငါးနှစ်တာကာလတွင် ဗီယက်နမ်နိုင်ငံသည် နှစ်စဉ်ဆန်စပါး တန်ချိန် လေးသန်းပြည့်ပသို့ တင်ပို့ရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ဖော်ပြသည်။

၂၀၁၀ ပြည့်နှစ်အထိ ဗီယက်နမ်နိုင်ငံ ဆန်စပါးထုတ်လုပ်မှု မဟာစီမံကိန်းကို အောင်မြင်ရန်အတွက်ဆန်စပါးစိုက်ပျိုးရာဒေသများတွင် သတ်မှတ်နှုန်းထားပြည့်မီရေးအတွက် ဆန်စပါး ပိုမိုစိုက်ပျိုးကြမည်ဖြစ်သည်။

စပါးစိုက်ပျိုး မည့်မြေမှာ မဲခေါင်မြစ်ဝှမ်းဒေသ၌ ဟက်တာ တစ်သန်းနှင့် မြစ်နီမြစ်ဝှမ်းဒေသ မြောက်ပိုင်း၌ ဟက်တာ ၃၀၀၀၀၀ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အစ္စရေးရေတပ်က တိုးချဲ့ဝယ်ယူမည့် ဂျာမနီနိုင်ငံလုပ် ဒေါ်လ်ဖင်အမျိုးအစား ရေငုပ်သင်္ဘောတစ်စင်းကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အကြမ်းဖက်ဝက်ဘ်ဆိုက် လွှင့်တင်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦး အဖမ်းခံရ

ဂျကာတာ ဩဂုတ် ၂၄

ခေတ်မီအင်တာနက် နည်းပညာကို အကြမ်းဖက်သူများ အသုံးပြုနိုင်စေရန် အကူအညီပေးမှုဖြင့် လူနှစ်ဦးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဩဂုတ် ၂၄ ရက်တွင် အရေးယူလိုက်သည်။

ထိုလူနှစ်ဦးမှာ အလယ်ပိုင်း ဂျာဗားပြည်နယ်မြို့တော်ဆီမာဒင်မှ တက္ကသိုလ်ကထိကတစ်ဦးနှင့် တက္ကသိုလ်ကျောင်းသားတစ်ဦးတို့ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် နိုင်ငံခြားသားများကို သတ်ဖြတ်နည်းကို ဝက်ဘ်ဆိုက်တွင်တင်၍ ဖော်ပြခဲ့ကြသည်။

အဖမ်းခံရသူများမှာ အသက် ၂၄ နှစ်ရှိအောင်းပရာဗိုဆိုသူနှင့် အသက် ၃၅ နှစ်အရွယ်ရှိ အောင်းစရက်ဆိုသူတို့ ဖြစ်သည်။ ၎င်းတို့နှစ်ဦးကို ဩဂုတ် ၁၂ ရက်နှင့် ၁၆ ရက်က ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူရေနီယံအားဖြည့်လောင်စာထုတ်လုပ်ရေးအစီအစဉ် ရပ်ဆိုင်းပေးရန် တောင်းဆိုမှု အီရန် လက်မခံ

တီဟီရန် ဩဂုတ် ၂၃

အင်အားကြီး ခြောက်နိုင်ငံတို့က အီရန်နိုင်ငံ၏ ယူရေနီယံ အားဖြည့်လောင်စာထုတ်လုပ်ရေး အစီအစဉ်ကို ရပ်ဆိုင်းထားရန် တောင်းဆိုခဲ့ကြသည်ကို အီရန်နိုင်ငံ လက်ခံမည်မဟုတ်ကြောင်း အရာရှိတစ်ဦးက ဩဂုတ် ၂၁ ရက်က ပြောကြားသည်။

ဖော်ပြ

အီရန်နိုင်ငံအနေဖြင့် ယူရေနီယံ အားဖြည့်လောင်စာ ထုတ်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းရန်ဆိုသည်မှာ မဖြစ်နိုင်တော့ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်း ဒုတိယအကြီးအကဲ မိုဟာမက်ဆာအစ်က ပြောကြားသည်ကို ကိုးကား၍ ဖားသတင်းဌာနက ဩဂုတ် ၂၂ ရက် သတင်းတွင် ဖော်ပြခဲ့သည်။

ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်ရေးကိစ္စမှာ နှစ်ဖက်နှစ်လမ်း အသုံးပြုနိုင်သော ကိစ္စဖြစ်သည်။ စစ်ရေးဆိုင်ရာကိစ္စများနှင့်အရပ်ဘက်အဏုမြူ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စများတွင် ယူရေနီယံအားဖြည့်လောင်စာကို အသုံးပြုနိုင်သည်။ အနောက်နိုင်ငံကြီးများက အီရန်နိုင်ငံသည် ထိုအစီအစဉ်ကို အသုံးချ၍ လက်နက်ထုတ်လုပ်နေပြီဟု စွပ်စွဲထားပြီး ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်ရေးကို အီရန်က ရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

အနောက်နိုင်ငံကြီးများ၏ စွပ်စွဲချက်မှာ မှန်ကန်ခြင်းမရှိကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ယူရေနီယံ အားဖြည့်လောင်စာကို ငြိမ်းချမ်းရေးကိစ္စများ အတွက်သာ အသုံးပြုရန် ရည်ရွယ်ကြောင်း အီရန်က အကြိမ်ကြိမ်ပြောကြားခဲ့သည်။

တီဟီရန်မြို့၏ အနောက်တောင်ဘက်မိုင် ၁၂၀ အကွာ အာရက်အရပ်တွင် ရေလေးအသုံးပြုသော အဏုမြူဓာတ်ပေါင်းဖိုတစ်ခုကို တည်ဆောက်လျက်ရှိသည်။ ယင်းဓာတ်ပေါင်းဖို တည်ဆောက်ပြီးစီးပါက အဏုမြူဓာတ်ကြွပစ္စည်း ပလူတိုနီယံကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ပလူတိုနီယံသည် အဏုမြူဗုံးထုတ်လုပ်ရာ၌ အသုံးပြုနိုင်သည်။ ယင်းကိစ္စကိုလည်း အနောက်နိုင်ငံများက စိုးရိမ်လျက်ရှိကြသည်။

ပြောင်းလဲယူ

ထိုစက်ရုံမှ ထွက်လာသော အသုံးပြုပြီးသား လောင်စာများကို လက်နက်ပြုလုပ်ရာတွင် အသုံးပြုရသော ပလူတိုနီယံအဖြစ် ပြောင်းလဲယူနိုင်သည်။ သို့မဟုတ် အဏုမြူဓာတ်ကြွတစ်မျိုးဖြစ်သော ယူရေနီယံနှင့်ရော၍ ဓာတ်ပေါင်းဖိုများတွင် လောင်စာအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။

အမ်အင်အေ၊ ရိုက်တာ။

တန်ဇန်းနီးယားနိုင်ငံ ဒါရက်ဆလမ်မြို့အနီးရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတွင် ခြင်္သေ့တစ်ကောင်ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဟာဝိုင်ယီရှိ ပင်လယ်ပြင်အခြေစိုက် အာကာသယာဉ် လွှတ်တင်ရေးစခန်းတစ်နေရာမှ လွှတ်တင်လိုက်သော တောင်ကိုရီးယားနိုင်ငံ၏ ဆက်သွယ်ရေးဂြိုဟ်တုအား သယ်ဆောင်သွားသည့် ဒုံးယာဉ်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှန်ဟိုင်း စိန်ရောင်းဝယ်ရေးဈေးကွက်၌ စိန်တင်သွင်းမှု များပြား

ပေကျင်း ဩဂုတ် ၂၅

ရှန်ဟိုင်းစိန်ရောင်းဝယ်ရေးဈေးကွက်၌ စက်မှုလုပ်ငန်းသုံး မဟုတ်သော စိန်များ တင်သွင်းမှုလုပ်ငန်းသည် ဇူလိုင်လတွင် ပိုမိုမြင့်တက်လာကြောင်း၊ ဇူလိုင် ၁ ရက်တွင် ကုန်ဝယ်ခွန်နှုန်းထားအပေါ် ပြန်လည်လျှော့ပေါ့သည့် စနစ်ကို ကျင့်သုံးပြီးနောက် ယင်းလုပ်ငန်း တိုးတက်ကောင်းမွန်လာခြင်း ဖြစ်ကြောင်း စီးပွားရေး နေ့စဉ်သတင်းစာက ဩဂုတ် ၂၄ ရက်တွင် ဖော်ပြသည်။

မြင့်တက်လာ

အဆိုပါစနစ်ကြောင့် ဇူလိုင်လတွင် တင်သွင်းခဲ့သော စက်မှုလုပ်ငန်းသုံး မဟုတ်သော စိန်များ၏ တန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၈ သန်းရှိပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လကထက် ၁၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ထို့အပြင် တင်သွင်းခဲ့သော စိန်အလေးချိန်မှာ ကရက် ၈၀၀၀ ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တင်သွင်းသော စိန်ရိုင်းများ၏ အခွန်နှုန်းထားကို ၁၇ ရာခိုင်နှုန်းမှ လုံးဝအခွန်ကောက်ခံမှုမရှိသော နှုန်းအထိ လျှော့ချသတ်မှတ်သောစနစ် (ဗွီအေတီ)ကို နိုင်ငံ၏ အခွန်ဌာနက ဇူလိုင်လတွင် စနစ်သစ်တစ်ရပ်အဖြစ် ထုတ်ပြန်ခဲ့သည်။ ဗွီအေတီ အခွန်လျှော့နှုန်းထားသစ်ကို စိန်တင်သွင်းသူ လုပ်ငန်းရှင်များအတွက်လည်း ခွင့်ပြုထားကြောင်း၊ ၎င်းတို့၏ အခွန်နှုန်းထားများကိုလည်း ၁၇ ရာခိုင်နှုန်းမှ တစ်ရာခိုင်နှုန်းထိ လျှော့ချပေးလိုက်သည်။

တည်ထောင်

ယင်းစနစ်သစ်ကြောင့် ရှန်ဟိုင်း စိန်ရောင်းဝယ်ရေးလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရှန်ဟိုင်းစိန်ရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် စိန်အရောင်းအဝယ်လုပ်သူများ တင်သွင်းမှု ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း စိန်ရောင်းဝယ်သူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံ၏စိန်ရောင်းဝယ်ရေးလုပ်ငန်းကိုမြှင့်တင်ပေးရန်အတွက် ရှန်ဟိုင်းစိန်ရောင်းဝယ်ရေး လုပ်ငန်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်၌ကနေဒါနှင့်အပေါင်းပါတပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက် လူခုနစ်ဦးသေဆုံး

အဆာဒဘက်(အာဖဂန်နစ္စတန်) ဩဂုတ် ၂၅

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုတွင် ကြာသပတေးနေ့က လေကြောင်းမှ တိုက်ခိုက်သဖြင့် အာဖဂန်နိုင်ငံသား ခုနစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ ၂၀၀၁ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးမှုများအနက် ယခုဖြစ်ရပ်သည် အများဆုံးဦးရေဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်၏ မြို့တော် အဆာဒဘက်အရှေ့ပိုင်း ရှိဂယ်ခရိုင်တွင် လေကြောင်းမှတိုက်ခိုက်ခံရသဖြင့် အိမ်တစ်အိမ် ထိမှန်ခဲ့ကြောင်း၊ ယင်းဒေသကျေးရွာလူကြီးများက အငြင်းပွားမှုတစ်ခုကိုဖြေရှင်းရန် လူစုရုံးရောက်ရှိနေကြောင်း ၎င်းပြည်နယ်အတွင်းရှိ ပုဂ္ဂိုလ်များက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယတွင်ရေလွှမ်းမိုး နယ်စပ်ဖြတ်ကျော် ရထားလမ်းကိုပိတ်ထားရ

အစ္စလမ္မာဘတ် ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားသဖြင့် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်တောင်ပိုင်းရှိ ဆင်းဒ်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် နယ်စပ် ကျော်ဖြတ်သွားလာသော "သာ"အမြန်ရထားပြေးဆွဲမှုကို ပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနက တာဝန်ရှိပုဂ္ဂိုလ်များကိုကား၍ ကြာသပတေးနေ့က ဖော်ပြသည်။

"သာ" အမည်ရှိ အမြန်ရထားသည် နယ်စပ်ဖြတ်ကျော်ပြေးဆွဲသည့် ရထားဖြစ်ပြီး ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ အိန္ဒိယနိုင်ငံ ဂျော့ပူရ်မြို့သို့ ပြေးဆွဲလျက်ရှိသည်။ မူနာဘိုဘူတာနှင့် ခေါ့ရာပါဘူတာတို့မှာ ခြောက်ကီလိုမီတာ ကွာဝေးကြပြီး အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်ပေါ်ရှိသည့် ဘူတာရုံများဖြစ်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ဂျော့ပူရ်မြို့တွင် ရေလွှမ်းမိုးမှုဖြစ်ပွားသဖြင့် ရထားလမ်းများရေတိုက်စား ခံရပြီးနောက် အဆိုပါ ရထားပြေးဆွဲနိုင်ခြင်းမရှိ၍ ရက်သတ္တပတ်လေးပတ်ကြာ ရပ်ဆိုင်းထားရန် အိန္ဒိယ အာဏာပိုင်များက ပါကစ္စတန်မီးရထားဌာနသို့ မေတ္တာရပ်ခံခဲ့ကြောင်း ဂျီအီးအို ရုပ်မြင်သံကြားဌာနကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တီဘီရောဂါ ဖြစ်ပွားမှုထိန်းချုပ်ရေး ကမ္ဘောဒီးယားတွင် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်

ဖနောင်ပင် ဩဂုတ် ၂၄

၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ အဆုတ်နာရောဂါ ထိန်းချုပ်ရေး ငါးနှစ်စီမံကိန်းကို ဆောင်ရွက်သွားမည်ဟု ကမ္ဘောဒီးယားနိုင်ငံ အမျိုးသား အဆုတ်နာရောဂါနှင့် အနာကြီးရောဂါ ထိန်းချုပ်ရေးဌာန (အင်စီတီအယ်လ်စီ)၏ ထုတ်ပြန်ချက်ကို ဩဂုတ် ၂၃ရက်ထုတ် ဖွံ့ဖြိုးရေး အပတ်စဉ်စာစောင်တွင် ဖော်ပြသည်။

ပြည်သူ့ကျန်းမာရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား အစီအစဉ်အဖြစ် အဆုတ်နာရောဂါကို အောင်မြင်အောင် ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး မစ်ဘန်ဟန်က ပြောကြားသည်။ယင်းသို့ဆောင်ရွက်ရခြင်းသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် အဆုတ်နာရောဂါကူးစက်မှုနှင့် သေဆုံးမှု လျော့ကျပြီး ဆင်းရဲမှုနှုန်း လျော့ပါးစေရန်ဖြစ်သည်။

အဆုတ်နာရောဂါကုသနိုင်ရန် အခွင့်အလမ်းနှင့် ရောဂါသက်သာလျော့ပါးစေရန်မှာ အဓိကဦးတည်ချက် ထားကြောင်း၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်ကြားတွင် အဆုတ်နာရောဂါနှင့် ဆက်နွှယ်သော အဆုတ်ရောဂါသည် ၇၀ရာခိုင်နှုန်းထက်မနည်းနှင့် အဆုတ်နာရောဂါသည် ၈၅ရာခိုင်နှုန်းကျော် ကျန်းမာရေးပြန်လည်ကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကထပ်မံ ပြောကြားသည်။

အဆုတ်နာနှင့် အိဒ်စ်ရောဂါထိန်းချုပ်နိုင်ရန် အစီအစဉ် နှစ်ရပ်ရှိသည်။ ၂၀၁၀ပြည့်နှစ်မရောက်မီ အဆုတ်နာရောဂါဝေဒနာသည် ၈၀ရာခိုင်နှုန်းတွင် အိပ်ချ်အိုင်ဗွီပိုး ရှိ၊မရှိ စမ်းသပ်သွားမည်ဖြစ်ကြောင်းနှင့် အဆုတ်နှင့် အိဒ်စ်ရောဂါနှစ်မျိုးလုံးခံစားနေရသောဝေဒနာရှင်ပေါင်း ၉၀ ရာခိုင်နှုန်းကျော်ကို အားဆေးများ ထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

ကမ္ဘာတွင် တီဘီအဆုတ်နာရောဂါ ကူးစက်မှု အများဆုံးဖြစ်ပွားသောနိုင်ငံများတွင် ကမ္ဘောဒီးယားနိုင်ငံ ပါဝင်သည်။ လူ ၁၀၀၀၀၀ လျှင် တီဘီ အဆုတ်နာ ရောဂါဖြစ်ပွားသူ ၅၁၀ ရှိသည်။ ပြည်သူ ၁၀၀၀၀၀ လျှင် ၉၄ဦး သေဆုံးလျက်ရှိသည်။ တီဘီအဆုတ်နာရောဂါ ဖြစ်ပွားသူများတွင် အိဒ်စ်ရောဂါဝေဒနာ ထပ်မံဖြစ်ပွားသူသည် ၁၉၉၅ ခုနှစ်က ၂ ဒသမ ၅ရာခိုင်နှုန်း ရှိရာမှ ၂၀၀၃ခုနှစ်တွင် ၁၂ရာခိုင်နှုန်း ရှိပြီး၊ ၂၀၀၅ခုနှစ်တွင် အနည်းငယ်လျော့ကျသွားရာ ၁၀ရာခိုင်နှုန်း ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်တွင် တာဝန်ထမ်းဆောင်ရန် လက်ဘနွန်နိုင်ငံသို့ ရောက်ရှိလာသော ပြင်သစ်တပ်ဖွဲ့များကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သံမဏိစက်ရုံ တည်ဆောက်မည်

ဟန္နိုင်း ဩဂုတ် ၂၅

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် သံမဏိပြားများထုတ်လုပ်ပေးမည့်အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိ သံမဏိစက်ရုံတစ်ရုံ တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်သွားရန် အာဏာပိုင်များက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ထိုသံမဏိစက်ရုံကို ၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်သည်ဟု ကွမ်ပိုင်ပြည်နယ် ဒေါင်အောက်စက်မှုဇုန်၏ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြီးအကဲငုယင်ထရန်က ပြောကြားသည်။ ယင်းစက်ရုံပြီးစီးသွားသောအခါ တစ်နှစ်လျှင် သံမဏိလုံး တန်ငါးသန်း ထုတ်လုပ်ပေးမည်ဖြစ်သည်။

သံမဏိစက်ရုံကို အဆင့်နှစ်ဆင့်ခွဲ၍ တည်ဆောက်မည်ဖြစ်သည်။ ပထမဆင့် တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၅၃၉ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီးယင်းအဆင့်တည်ဆောက်မှုသည် ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထိုအဆင့်ပြီးစီးသောအခါ စက်ရုံမှ တစ်နှစ်လျှင် သံမဏိလုံးတန် နှစ်သန်း ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟောင်ကောင်တွင် ခင်းကျင်းပြသလျက်ရှိသော ကလေးအရုပ်ပြပွဲပြခန်းတစ်နေရာကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် လောင်စာဖြန့်ဖြူးမှု အခက်အခဲကြုံတွေ့

ခတ္တမန္ဒူ ဩဂုတ် ၂၅

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်၌ လောင်စာလုံလောက်စွာ မဖြန့်ဖြူးနိုင်သဖြင့် လောင်စာဝယ်ယူသူများသည် ဓာတ်ဆီဆိုင်များတွင် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေကြရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

လောင်စာလုံလောက်စွာ မဖြန့်ဖြူးနိုင်သည်မှာ ရက်သတ္တပတ်တစ်ပတ်ကျော်ရှိပြီဖြစ်သဖြင့် လောင်စာဝယ်လိုအား မြင့်မားလျက်ရှိနေကြောင်း၊ ဆီဆိုင်မှ ဓာတ်ဆီပုံမှန်ဖြန့်ဖြူးနိုင်သည့် အချိန်ရောက်ရန်အတွက် ရက်အနည်းငယ်ခန့် ကြာမြင့်ဦးမည်ဖြစ်ကြောင်း ဓာတ်ဆီရောင်းသူများက ပြောကြားသည်။

နီပေါရေနံကော်ပိုရေးရှင်း (အင်အိုစီ)က ဓာတ်ဆီလီတာ ၂၅၀,၀၀၀၊ ဒီဇယ်လီတာ ၂၅၃,၀၀၀ နှင့် ရေနံဆီလီတာ ၂၆၃,၀၀၀ တို့ကို လောင်စာရောင်းသူများအတွက် ဖြန့်ဖြူးပေးနေကြောင်း ယင်းဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒူယန်ဂျယ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အငြိမ်းစားတို့ စကားဝိုင်း (၁၉)

ဟိန်းမြင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၆)ကို၂၀၀၆ခုနှစ် ဇူလိုင်လ၂၈ရက်နေ့တွင်နေပြည်တော်၌ ကျင်းပခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်းတွေ့ရပါသည်။

ဝန်ကြီးချုပ်၏ အမှာစကားအရလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၏ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြချက်အရလည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုဦးတည်ဆောင်ရွက်နေမှုများကို သိရှိခဲ့ရပါသည်။

ထိုကိစ္စနှင့် ဆက်စပ်၍ ကျွန်တော်တို့ အငြိမ်းစားများဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့မိကြပါသည်။

"နတလ လုပ်ငန်းကော်မတီရဲ့ ညှိနှိုင်းအစည်းအဝေးသတင်းကို ဖတ်ပြီးကြပြီလား"

"ငါကတော့ ဇူလိုင်၂၈ရက်နေ့က ရုပ်မြင်သံကြားသတင်းမှာ ကြည့်လိုက်ရတယ်၊ နောက်နေ့သတင်းစာမှာလဲဖတ်လိုက်ရတယ်"

"ဒို့သုံးယောက်ကတော့ တရားစခန်းဝင်နေလို့ မသိလိုက်ဘူးဟ၊ ဘာတွေများထူးခြားတာပါလဲ၊ ပြောကြစမ်းပါဦး"

"ထူးခြားတယ်၊ မထူးခြားဘူးဆိုတာထက်၊ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် ဘယ်လိုရည်ရွယ်ချက်ထားပြီး ဘာတွေ ဘယ်လိုလုပ်ဆောင်ပေးနေတယ်၊ အောင်မြင်မှုဘယ်လောက်ရနေတယ် ဆိုတာတွေ အပြည့်အစုံလိုလိုသိလိုက်ရတာပဲ"

"ဟုတ်တယ်ဟ ငါလဲအရင်ကတော့ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက လုပ်ဆောင်ပေးနေတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်ပြီး မူဝါဒတွေချမှတ်ပေးတယ်။ နိုင်ငံတော်အနေနဲ့ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး လမ်းညွှန်အကောင်အထည်ဖော်နေတယ်ဆိုတာလောက်ပဲ အကြမ်းဖျင်းသိထားတယ်၊ ဘာတွေကို ဘယ်လိုလုပ်ပေးနေသလဲဆိုတာကိုတော့ အခုမှပဲ ဂဃနဏသိလာရတယ်"

"အရင်ကထဲက လုပ်ဆောင်ချက်တွေကို သတင်းထဲမှာပါပါတယ်၊ အခုလို အပြည့်အစုံကို ဒို့သတိမထားမိလို့မသိခဲ့တာပါ"

"ငါ့အနေနဲ့အမှန်ကိုပြောရရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက ဘယ်လောက်အရေးကြီးတယ်၊ လက်ရှိအခြေအနေမှန်တွေ ဘယ်လိုရှိနေတယ်၊ ဘာတွေလုပ်ကိုင်ပေးသင့်တယ်ဆိုတဲ့ အခြေခံအကြောင်းရင်းတွေကို တပ်မတော်သားတစ်ယောက်မို့ ပိုသိတယ်၊ အဲဒီလိုပြောရတာကလည်း တပ်မတော်သားတွေက နယ်စပ်ဒေသအနှံ့မှာ၊ တိုင်းရင်းသားအားလုံးရဲ့အကြားမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြရလို့ပဲ"

"အေးဟ၊ တပ်မတော်အစိုးရလက်ထက်မှာ အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ရှေးရှုပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမဦးဆုံးဦးစားပေးအကောင်အထည်ဖော်ခဲ့တာ တွေ့ရတယ်"

"မှန်တယ်လေ၊ တပ်မတော်အကြီးအကဲတွေကိုယ်တိုင် နယ်စပ်ဒေသတိုင်းရင်းသားတွေရဲ့ အခြေအနေမှန်တွေကို ကိုယ်တိုင်တွေ့ကြုံခဲ့ဖူးတဲ့သူတွေပီပီ အခုလိုလုပ်ပေးနိုင်တဲ့ အခြေအနေမှာ ဦးစားပေးအကောင်အထည်ဖော်ခဲ့တာပေါ့"

"အဲဒီလို မှန်ကန်တဲ့အမြင် အတွေးတွေနဲ့ လက်တွေ့ကျကျ လုပ်ဆောင်ပေးခဲ့လို့ အခုလိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ရောက်လာတာပါလို့ ဆိုရမှာပါ"

"နယ်စပ်ဒေသနယ်မြေတွေ အေးချမ်းလာတာနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မှုတွေဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အောင်မြင်ဖြစ်ထွန်းလာတာ အားလုံးအမြင်ပဲ"

"တိုင်းရင်းသားအဖွဲ့တွေနဲ့ ပြည်သူတွေကပါ ဝိုင်းဝန်းလက်တွဲ တည်ဆောက်ခဲ့ကြလို့ ပိုမိုအောင်မြင် ဖွံ့ဖြိုးတိုးတက်လာတယ်လို့လဲ ဆိုရမယ်"

"မှန်တာပေါ့၊ ဒါကြောင့်လဲ ဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတင်ခဲ့တဲ့ ၁၉၈၉ ခုနှစ်ကနေ ဒီနေ့အထိ ၁၇နှစ်တာ သက်တမ်းကာလအတွင်း ရည်မှန်းတာထက်ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ဒီလိုအောင်မြင်လာတာက နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်ပြီး မှန်ကန်တဲ့မူဝါဒချမှတ်ပေးနိုင်လို့၊ လက်တွေ့အကောင်အထည်ဖော်သူတွေကလည်း ကြိုးပမ်းခဲ့ကြလို့အပြင် ဒေသခံတိုင်းရင်းသားအဖွဲ့တွေနဲ့ ပြည်သူတွေကပါ လက်တွဲပူးပေါင်းလုပ်ဆောင်ခဲ့ကြလို့ အောင်မြင်တာဖြစ်ကြောင်း ပြောသွားတာတွေ့လိုက်ရတယ်"

"ဒို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူပါလာတဲ့ သောင်းကျန်းမှုဒဏ်ကြောင့် ဒေသခံပြည်သူတွေ၊ အထူးသဖြင့် နယ်စပ်ဒေသနေ ပြည်သူတွေရဲ့ လူနေမှုဘဝတွေ အများကြီးကျဆင်းခဲ့ရတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့စီးပွားရေးပါမကျန် ဘာတစ်ခုမှ တိုးတက်ကောင်းမွန်လာတာ မရှိဘူး ဆုတ်ယုတ်သွားတာပဲရှိတယ်၊ ပိုဆိုးတာက လုံခြုံမှုပါကင်းမဲ့နေပြီး ကျီးလန့်စာစားနေရတဲ့အဖြစ်ပဲ၊ အခုတော့ အစစအရာရာမှာ ဖွံ့ဖြိုးတိုးတက်လာနေတာ ဒို့အားလုံးအမြင်ပဲမဟုတ်လား"

"ဝန်ကြီးချုပ်ရဲ့ အမှာစကားအရ နိုင်ငံတော်အပိုင်းက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနေ့အထိ ကျပ်သန်းပေါင်း ၈၄၇၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်တယ်လို့သိရတယ်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာဆိုရင် မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း အသစ်ဖောက်လုပ်ခဲ့တာ မိုင်ပေါင်း ၅၉၁၁မိုင်ရှိတယ်၊ ယခင်ရှိပြီးသားလမ်းဟောင်း ၃၃၉၆ မိုင်ကို အဆင့်မြှင့်ထိန်းသိမ်းပြုပြင်ပေးခဲ့တယ်၊ တံတားကြီး ၇၀၊ တံတားငယ် ၉၇၅စင်း၊ ကြိုးတံတား ၃၉ စင်း တည်ဆောက်ပေးခဲ့တယ်လို့ သိရတယ်"

"နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းမှာလဲ မူလတန်း ၈၅ ကျောင်း၊ အလယ်တန်းကျောင်း ၉၀၊ အထက်တန်းကျောင်း ၉၂ကျောင်း အသစ်ဖွင့်လှစ်ပေးထားတယ်၊ လူငယ်တွေ စရိတ်ငြိမ်းပညာသင်နိုင်အောင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၂၇ကျောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားတယ်လို့ပါတယ်"

"၁၉၈၈ ခုနှစ်က နယ်စပ်ဒေသမှာ ကျောင်းသားတစ်ထောင်ကျော်သာရှိခဲ့ပေမယ့် ပြီးခဲ့တဲ့စာသင်နှစ်မှာ ကျောင်းသားပေါင်း ၁၇၀၉၂၀ ရှိတယ်လို့သိရတယ်၊ ၅၇၄ဦး ဘွဲ့ဒီဂရီတွေရလို့လုပ်ငန်းခွင်တွေမှာ တာဝန်ထမ်းဆောင်နေပြီး ထူးချွန်သူတွေလည်း မဟာသိပ္ပံ၊ ဝိဇ္ဇာသင်တန်းတွေ B.Tech ၊ B.E ၊ M.E တွေ ဆက်တက်နေကြတယ်လို့သိရတယ်"

"သက်မွေးပညာအနေနဲ့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း ၃၄ကျောင်းဖွင့်ပြီး စရိတ်ငြိမ်းသင်ကြားပေးနေသလို နယ်စပ်ဒေသတွေမှာလည်း ပန်းရန်၊ လက်သမား၊ စက်ပြင် စတဲ့ ကျောင်းတွေတိုးချဲ့ဖွင့်လှစ်သင်ကြားပေးနေတယ်လို့သိရတယ်"

"ကျန်းမာရေးကဏ္ဍမှာလည်း ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာရှိခဲ့ရာက အခုဆေးရုံ ၇၉ရုံ၊ ဆေးပေးခန်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ ဖွင့်လှစ်ပေးထားပြီး ဖွံ့ဖြိုးရေးဒေသကြီးတွေမှာလည်း ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံတွေ ဖွင့်လှစ်ပေးထားတယ်လို့သိရတယ်"

"စိုက်ပျိုးရေးအတွက် နယ်စပ်ဒေသတွေမှာ စိုက်ပျိုးရေးရုံးနဲ့ စခန်းတွေ၊ ထွန်စက်စခန်းတွေဖွင့်လှစ်ပေးထားတယ်၊ အသေးစားဆည်နဲ့ တူးမြောင်း တွေလုပ်ပေးထားတယ်၊ ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာတွေ၊ မြေပြန့်မှာ လယ်ယာမြေအသစ်တွေဖော်ထုတ်ပေးထားတယ်၊ နှစ်ရှည်သီးနှံစိုက်ခင်းကြီးတွေလည်းဖြစ်ထွန်းနေပြီ"

"လက်ဖက်စိုက်ခင်း၊ ရော်ဘာစိုက်ခင်း စတဲ့နှစ်ရှည်စိုက်ခင်းတွေ မြင်ရတာ အားရစရာပဲ"

"အေးကွာ၊ စိုက်ပျိုးမွေးမြူရေးရော၊ ကျန်တဲ့ကဏ္ဍတွေမှာရော တော်တော်များများ ဘက်စုံကိုလုပ်ပေးထားတယ်၊ အသေးစိတ်သိချင်ရင်တော့ ဇူလိုင်၂၉ရက်နေ့ သတင်းစာသာ ရှာဖတ်တော့ကွာ"

"နိုင်ငံတော်က ကဏ္ဍစုံမှာ လူမှုစီးပွားရေးအခြေခံအဆောက်အအုံတွေကို အများအပြားတည်ဆောက်ပေးထားတာပဲဟ၊ ဒါမှအပြောမဟုတ်တဲ့ လက်တွေ့လုပ်ပြနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းတွေလို့ဆိုရမှာပဲ"

"နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဦးစွာအကောင်အထည်ဖော်ပေးခဲ့တယ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန် ရလာတဲ့အခါမှာ ပြည်ထောင်စုကြီးရဲ့ နယ်မြေအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခုကို ဆက်လက်အကောင်အထည်ဖော်ရင်း ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေ့ရတယ်"

"ဒေသတစ်ခုနဲ့တစ်ခု တိုးတက်ဖွံ့ဖြိုးမှုမကွာဟအောင်၊ တစ်ပြေးညီကြားကွက်လပ်မကျန် တိုးတက်အောင် အခုလိုမူဝါဒတွေ၊ စီမံကိန်းတွေချမှတ်ပြီး စနစ်တကျ လုပ်ဆောင်အကောင်အထည်ဖော်နေလို့လည်း သိသာထင်ရှားတဲ့ အောင်မြင်မှုတွေကို မျက်မြင်တွေ့နေရတာပေါ့"

"ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ထားတယ် မဟုတ်လား၊ အခုလုပ်ဆောင်နေတာ(၅)ရပ်မကတော့ဘူး၊ ကျေးလက်စာကြည့်တိုက်နဲ့ ကျေးရွာမီးလင်းရေးအတွက်ပါ လုပ်နေတာတွေ့ရတယ်၊ ကျေးရွာတိုင်းမှာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေထူထောင်ပြီးတာကိုလည်း တွေ့နေရပြီ၊ ရွာတိုင်းမီးလင်းရေးကိုလည်း နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြလေရဲ့၊ တချို့ရွာတွေလည်း မီးလင်းနေတာတွေ့ရပြီ"

"တိုင်းနဲ့ပြည်နယ်အနှံ့မှာ ကဏ္ဍစုံအခြေခံအဆောက်အအုံတွေ တည်ဆောက်ထားတာ နည်းမှမနည်းဘဲ၊ အောင်မြင်မှုတွေလည်း လူတိုင်းမျက်မြင်တွေ့နေရတာပဲ၊ ဆက်လက်ပြီးတော့လည်း တည်ဆောက်နေကြတာတွေ ဒို့အားလုံးအမြင်ပဲလေ"

"အခုလိုနိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍ စုံလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တစ်နိုင်ငံလုံးမှာ တည်ဆောက်ထားတာ ကုန်ကျငွေ နည်းမှ မနည်းဘဲ၊ ဒီငွေတွေရအောင် နိုင်ငံတော်အစိုးရအနေနဲ့ အတားအဆီးနဲ့ အပိတ်အဆို့တွေကြားကနေ ဘယ်လောက်ကြိုးစားလုပ်ဆောင်ရသလဲဆိုတာ စဉ်းစားကြည့်တာနဲ့ အဖြေပေါ်ပါတယ်"

"နိုင်ငံတော်အစိုးရကို မကောင်းမြင်ဝါဒနဲ့ ဆန့်ကျင်နေကြတဲ့ အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ အဖျက်သမားတွေကတော့ အစိုးရအပေါ် စီးပွားရေးအရပိတ်ဆို့၊ ကုန်သွယ်ရေးအရပိတ်ဆို့၊ ရင်းနှီးမြှုပ်နှံမှုအရပိတ်ဆို့၊ ခရီးသွားများမလာရရေးအတွက် ပိတ်ဆို့ဖို့ပဲ တောင်းဆိုလုပ်နေကြတာတွေ့ရတယ်၊ နိုင်ငံနဲ့လူမျိုးကောင်းစားမှာ၊ ဖွံ့ဖြိုးတိုးတက်မှာကို လုံးဝမမြင်မတွေ့လိုကြတဲ့သူတွေပဲ၊ ပြည်သူလူထုစိတ်မချမ်းသာမှ၊ ဘေးကျပ်နံကျပ်တွေ့မှ လက်ခုပ်တီးဝမ်းသာနေကြမယ့်သူတွေအပေါ် ငါတော့လုံးဝကို စိတ်ပျက်နေပြီကွာ"

"ဒို့အားလုံးလည်း ဒီအတိုင်းပါပဲဟ၊ အဲဒီတစ်ဖက်စွန်းရောက်နေတဲ့သူတွေ၊ ငတေမာရင် ပြီးရောဆိုတဲ့လူသားမဆန်တဲ့သူတွေ၊ လောကီအမြင်၊ လောကုတ္တရာအမြင်၊ ဘာအမြင်နဲ့ပဲကြည့်ကြည့်အခုရော၊ နောင်သံသရာမှာပါ သူတို့ရဲ့ မကောင်းမှုဒဏ်ကို သူတို့ပဲတန်ပြန်ခံရမှာပါ"

"သူတို့ခဏခဏပြောနေတာ မှတ်မိသေးတယ်၊ နိုင်ငံတော်အတွက် ငွေတွေရရင် စစ်ဗိုလ်တွေနဲ့ သူတို့အသိုင်းအဝိုင်းသာခံစားရမှာဆိုပဲ၊ ပြည်သူလူထု ခံစားရမှာ မဟုတ်လို့ ဒီမိုကရေစီအစိုးရပေါ်ပေါက်မှပဲ ထောက်ပံ့ကူညီကြပါ၊

"နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဦးစွာအကောင်အထည်ဖော်ပေးခဲ့တယ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန် ရလာတဲ့အခါမှာ ပြည်ထောင်စု ကြီးရဲ့ နယ်မြေအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခုကို ဆက်လက်အကောင်အထည် ဖော်ရင်း ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရတယ်"

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨



ယာဉ်တိုက်မှုလူနာများကို ဆေးရုံသို့အချိန်မီပို့နိုင်ရေးအတွက် လူနာတင်ယာဉ်များ စီစဉ်ထားရှိ စီအင်န်ဂျီဆိုင်များ ဓာတ်ငွေ့ပြည့်သွင်းမှုမြန်ဆန်ရေးစနစ်များ စက်တင်ဘာလကုန် အပြီးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့်စက်မှုဇုန်များ ပတ်သက်မှုမရှိစေရေး၊ မော်တော်ယာဉ်များ၌ ကာလာမှန်များတပ်ဆင်ခြင်းမရှိစေရေးနှင့် ယာဉ်အပိုပစ္စည်းများ တင်သွင်းရာတွင် တရားဝင်တင်သွင်းခွင့်လျှောက်ထားပြီးမှသာ တင်သွင်းကြစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ ရန်ကုန်လေဆိပ်လမ်းဆုံ၊ မရမ်းကုန်းလမ်းဆုံ၊ ကုက္ကိုင်းလမ်းဆုံ၊ ရွှေဂုံတိုင်လမ်းဆုံနှင့် တာမွေလမ်းဆုံနေရာငါးခုရှိ မီးပွိုင့်များအား ၂၄နာရီအသုံးပြုနိုင်အောင် အင်ဗာတာများ တပ်ဆင်ရန် စီစဉ်ပေးထားပြီးဖြစ်၍ ကျန်မီးပွိုင့်များ စက်ချို့ယွင်းပါက အမြန်ဆုံးပြင်ဆင်နိုင်ရေး စီမံထားရှိရန်။

ဝိုင်းဝန်းကြပ်မတ်

ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများ ဆေးရုံသို့အချိန်မီပို့ဆောင်နိုင်စေရေးအတွက် ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် လူနာတင်ယာဉ်များ အသင့်စီစဉ်ထားရှိရန်၊ စီအင်န်ဂျီဆိုင်များ၌ အနည်စစ်ကိရိယာ တပ်ဆင်သည့်စနစ်နှင့် စီအင်န်ဂျီဓာတ်ငွေ့ ဖြည့်သွင်းမှုမြန်ဆန်စေရေးအတွက် စီအင်န်ဂျီအိုးများအား ပြိုင်စက်တပ်ဆင်သည့် စနစ်များကို စက်တင်ဘာလကုန်၌ အပြီးသတ်ဆောင်ရွက်ကြရန်၊ ယာဉ်တိုက်မှုနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုတို့ကြောင့် ထုတ်ပယ်ပြီးသောယာဉ်လုပ်သား များအား အခြားယာဉ်လိုင်းများ၌ ဝင်ရောက်လုပ်ကိုင်ခွင့်မပြုရန်နှင့် ၂၀၀၆ခုနှစ် ဩဂုတ်အထိ Accident Free Month အဖြစ် သတ်မှတ်ထားရှိ၍ သတ်မှတ်ကာလ အတွင်း ယာဉ်တိုက်မှုများလျော့ပါးစေရေးအတွက် ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်း ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများ၊တက္ကသိုလ်၊ကောလိပ်ကြို/ပို့ ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များ စီအန်န်ဂျီပြောင်းလဲ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားနှင့် အမှိုက်၊ခြင်၊ဆေးလိပ်ကင်းစင်ကျောင်း ဆိုင်းဘုတ်ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်ကကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ဆရာမများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ပညာရေး)

➪ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပိတ်ဆို့မှုတွေဖွင့်ပေးကြပါလို့ ဆိုတယ်မဟုတ်လား၊ ဘယ်လောက်များ အမြင်ကျဉ်းမြောင်း သေးသိမ်ကြသလဲဆိုတာ မြင်သာပါတယ်၊ နိုင်ငံကောင်းစားရေးအတွက် နိုင်ငံရေးလုပ်နေကြသတဲ့လေ၊ ဆန်ကောလောက်မှ ဓားကာမနက်တဲ့သူတွေ၊ နိုင်ငံအတွက် ဆန်ကုန်မြေလေးတွေလို့ပဲ ပြောလိုက်ချင်ပါတယ်”

“ဒို့ပြည်သူတွေလဲ အမှားနဲ့အမှန်၊ အဆိုးနဲ့အကောင်း၊ အပြုနဲ့ အဖျက်ကို ကွဲကွဲပြားပြားမြင်နေကြပါပြီ၊ သပ်လျှိုသွေးခွဲ လုပ်ကြံဖန်တီးပုံကြီးချဲ့မှုတွေကလဲ အပ်ကြောင်းထပ်လို့ရိုးနေကြပါပြီ”

“ဒါပေမယ့် မုသာဝါဒပြည်ပမီဒီယာတွေက သတင်းတစ်ခုအပေါ်မှာ သူတို့လိုရာကိုဆွဲပြီးလွှင့်တာတို့၊ မဟုတ်နိုင်မှန်းသိသာပေမယ့် ထင်ယောင်ထင်မှားဖြစ်အောင်လွှင့်တာတို့၊ အမှန်နဲ့အမှားသတင်းကို ရောလွှင့်လိုက်တာတို့၊ သူတို့လိုလားတဲ့အချက်ဆိုရင် အခါအခွင့်သင့်တိုင်း ထည့်သွင်းလွှင့်တာတို့ နည်းမျိုးစုံပဲ၊ နားထောင်သူတွေက ဆင်ခြင်နိုင်ဖို့လိုသလိုတာဝန်ရှိသူတွေ၊ ဒို့မီဒီယာသမားတွေကလည်း လိမ္မာပါးနပ်စွာနဲ့ ချက်ချင်းတုံ့ပြန်ရမှာတွေကို ချက်ချင်းတုံ့ပြန်၊ အချိန်အခါအလိုက်တုံ့ပြန်ရမှာတွေကို အလျဉ်းသင့်သလို တုံ့ပြန်ကြဖို့လိုမယ်”

“အမှောင်ကိုခွင်းလို့ အလင်းကိုဆောင်နိုင်မယ့် မင်းတို့စာပေသမားတွေကလည်း အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်ဘက်က ရပ်တည်ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကနေ ပြည်သူကို ဆင်ခြင်နိုင်ကြစေဖို့၊ အမှန်ကိုမြင်တွေ့နိုင်ကြစေဖို့ အမြဲရေးသားကြဖို့ လို့မယ်”

“အေးလေ၊ အခု သတင်းစာအပြင် ဂျာနယ်၊ မဂ္ဂဇင်းတွေမှာပါ သတင်းတွေ၊ ဆောင်းပါးတွေ ရေးသားဖော်ပြနေကြပါပြီ”

“နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးနဲ့ ဆက်စပ်နေသလို၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက်လည်း အဓိကအကျဆုံးဖြစ်တာမို့ ဝန်ကြီးချုပ်ရဲ့ မှာကြားချက်ထဲက နိဂုံးချုပ်မှာပြောသွားတာလေးကိုပြောရရင် **‘သာမန်ပြည်သူတွေအားလုံး လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနေပြီကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးကြောင်း၊ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်များအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးတဲ့ နယ်စပ်ဒေသများမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ထွန်းတိုးတက်လာအောင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း’** လို့ တိုက်တွန်းပြောကြားသွားတယ်”

“မှန်တာပေါ့ဟ၊ အရှိန်အဟုန်ကိုမြှင့်တင်ပြီး ပိုမိုတိုးတက်အောင်မြင်အောင်လုပ်နိုင်တာနှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်မှုလည်း ပိုမိုခိုင်မာလာမှာပဲ၊ အဲဒီကမှ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို စဉ်ဆက်မပြတ်ပျိုးထောင်ပွားများ ခိုင်မာလာစေမှာပဲလေ”

“နယ်စပ်ဒေသဝန်ကြီး ပြောကြားချက်ထဲမှာ မူးယစ်ဆေးဝါး ပပျောက်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါလာတာတွေ့ရတယ်၊ UNDP၊ WFP၊ UNHCR ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့နဲ့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခဲ့တာ၊ ဖော်နေတာတွေ တွေ့ရှိရတာ ဝမ်းသာစရာပဲ”

“အေး အဲဒီအဖွဲ့တွေရဲ့ အမေရိကန်ဒေါ်လာနဲ့ ငွေသားထည့်ဝင်ငွေကလည်းမနည်းဘူး၊ ဒို့လည်းအခုမှပဲကိန်းဂဏန်းနဲ့တကွ သိရတော့တယ်”

“နိုင်ငံရေးမပါ၊ သဘောထားမှန်မှန်ကန်ကန်နဲ့ ကူညီပံ့ပိုးနေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေမှာ ဘာပြဿနာမှမရှိဘဲ အောင်အောင်မြင်မြင်နဲ့ အဆင်ပြေပြေ ပူးပေါင်းလုပ်ဆောင်နိုင်တယ် ဆိုတာ ထင်ရှားတဲ့သာဓကလို့ဆိုရမှာပဲ”

“နယ်မြေအေးချမ်းနေတဲ့ နယ်စပ်ဒေသတွေမှာ အခုလိုဖွံ့ဖြိုးတိုးတက်မှုတွေကိုမြင်တွေ့ကြားသိနေရတာ အလွန်ဝမ်းသာစရာ သတင်းကောင်းပဲ၊ ဒါပေမယ့်နယ်စပ်သုံးနေရာ ကွက်ကွက်လေးမှာ လက်နက်ကိုင်သောင်းကျန်းသူအနည်းအကျဉ်း ကျန်နေသေးလို့ ဖွံ့ဖြိုးတိုးတက်ဖို့ မလုပ်ဆောင်နိုင်သေးတာကိုတော့ စိတ်မကောင်းစရာပဲဟေ့”

“အဲဒီလက်ကျန် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တွေလည်း အမြင်မှန်၊ အတွေးမှန်၊ အလုပ်မှန်ကြဖို့လိုပါပြီ၊ နယ်မြေအေးချမ်းလို့ ချက်ချင်းအရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်လာနေတာတွေကို အားကျနမူနာယူဖို့ကောင်းပါပြီ၊ နိုင်ငံတော်အစိုးရရဲ့ စေတနာမှန်မှန်နဲ့ လုပ်ဆောင်နေမှုတွေကိုလည်း အမှန်ကိုအမှန်အတိုင်း မြင်ကြဖို့ကောင်းပါပြီ၊ အေးချမ်းမှုကို မလိုလားတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ သွေးဆောင်ဖြားယောင်း ပေးကမ်း စွန့်ကြဲထောက်ပံ့မှုတွေအပေါ် သာယာမနေသင့်တော့ပါဘူး။”

“သူတို့လုပ်နေတာက ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကောင်းစားရေးအတွက်ဆိုပြီး ရည်မှန်းလုပ်ဆောင်နေကြတာပဲ၊ တကယ်ဖြစ်နေတာက နှစ်ပေါင်းမြောက်မြားစွာ အဲဒီနယ်မြေ၊ အဲဒီဒေသ၊ အဲဒီက ပြည်သူတွေပဲ အမှန်တကယ်နစ်နာနေကြတာ၊ ဒုက္ခရောက်နေကြရတာတွေကို အမှန်အတိုင်းမြင်ကြဖို့ကောင်းပါပြီ၊ အမြန်ဆုံးလဲ ဥပဒေဘောင်အတွင်းကို ဝင်လာကြဖို့သင့်ပါပြီ”

“အမှန်လမ်းကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းလာကြမယ်ဆိုရင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနဲ့အတူ ဝမ်းပန်းတသာလက်ကမ်းကြိုဆိုနေကြမှာပါ”

ထိုသို့ စကားဝိုင်းဖွဲ့ခဲ့ရာမှ စကားဝိုင်းအပြီး အိမ်အပြန်လမ်းတွင်မူ နယ်မြေအေးချမ်းလာ၍ သိသိသာသာကြီးဖွံ့ဖြိုးတိုးတက်လာနေမှုကြောင့် ဝမ်းသာပျော်ရွှင်နေကြသော ထိုဒေသများရှိ တိုင်းရင်းသားများ ယနေ့ထက်တိုင်အောင် အမြင်မှား၊ အတွေးမှား၊ အလုပ်မှားနေပြီး ပြည်တွင်းပြည်ပအဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှုအောက်တွင် သာယာနေကြသော လက်ကျန် သောင်းကျန်းသူများကြောင့် နယ်မြေမအေးချမ်းသဖြင့် ဒုက္ခမျိုးစုံကို ခါးစည်းခံနေကြရသော ထိုဒေသရှိ တိုင်းရင်းသားများကို မြင်ယောင်နေမိခြင်းနှင့်အတူ ကျွန်တော်၏စိတ်ဆန္ဒတွင် နယ်စပ်ဒေသများအားလုံး အမြန်ဆုံး အေးချမ်းသာယာပါစေ၊ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ကောင်းကောင်းဖြင့် အမြန်ဆုံး တိုးတက်ဖြစ်ပေါ်လာပါစေ ဟုသာ ဆန္ဒပြုနေမိပါတော့သည်။ ။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ရေယာ ကေသုံးသောင်း စိုက်ပျိုးရေပေးနိုင်မည်

နေပြည်တော် ဩဂုတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာအနီး၌ တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စီမံကိန်းတွင်ပါဝင်သည့် ဆည်ရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများမှ ပင်မတမံတည်ဆောက်မှု၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်မှု၊ ရေအားလျှပ်စစ် ဥမင်လိုဏ်တည်ဆောက်မှု၊ ရေလွှဲဆည်တည်ဆောက်မည့်လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးသည်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေးတာဝန်ခံများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ရှုရပ်အမြင့်ပိုင်းမှ တည်ဆောက်မှု လုပ်ငန်းအားလုံးနှင့် တမံပိတ်မည့် ဇော်ဂျီမြစ်၏ အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံတည်ဆောက်မည့်နေရာ အောက်ခြေပိုင်း၌ ရေစိမ့်တားနံရံပြီးစီးမှု [TMW (Tonemixing Wall)] စက်ဖြင့် ပလတ်စတစ်ကွန်ကရစ်တူးလောင်းနေမှု၊ ဇော်ဂျီမြစ်အား ရေလွှဲထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလွှဲဥမင်အဝင်ပိုင်းနှင့် အထွက်ပိုင်း၌ တစ်ပြိုင်နက် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ရေလွှဲဥမင်မှာ ၁၅၇၅ပေအရှည်ရှိရာ ပေ ၃၀၀ကျော်ပြီးစီးလျက်ရှိပြီး ဆက်လက်၍ နေ့၊ည အဆိုင်းများဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံမှ လွှတ်ချပေးသည့်ရေနှင့် မြို့ကြီးရေလှောင်တမံကြားရှိ စီးဝင်ရေများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ကေသုံးသောင်းကို စိုက်ပျိုးရေပေးဝေရန်နှင့် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်လွှတ်ပေးရန် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာလွင်ပြင်ရေရရှိရေးနှင့်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းတည်ရှိရာ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံက မြို့ကြီးရေလှောင်တမံမှ ရေကိုကင်းတားဆည်သို့ ရေချကာ ကင်းတားလက်ဝဲမြောင်း၊ စမုံရေငုတ်ပြွန်အနီးမှ လျှပ်စစ်ရေတင်စက်များဖြင့် ရေပေးမည့် လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၂) ရေတင်စခန်း(ဆည်ရွာတောင်)၌ ရေပေးမြောင်း တူးဖော်ပြီးစီးမှုနှင့် အမှတ်(၈) ရေတင်စခန်း(ခင်ကြီး)တွင် ရေပေးမြောင်းတူးဖော်မှုနှင့် ရေတင်စခန်းပြုလုပ်မှုတို့ကို ကြည့်ရှုကာ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်တို့တွင် ကေသုံးသောင်း ရေပေးဝေနိုင်ရန်အတွက် စီမံကိန်းလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥက္ကလာပစေတီတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် (၁၈)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းကို စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း) ဆရာတော် ဦးဉာဏောဘာသက တရားတော်များကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဂေါပကအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၆၆၆၃၃ သို့ ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၅ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန် ဖိတ်ကြားထားသည်။ (၆၄)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို စက်တင်ဘာ ၅ရက်မှ ၁၁ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများအား အကျိုးတော်ဆောင်အဖွဲ့က အာဟာရဒါန အခမဲ့ ကျွေးမွေးလှူဒါန်းမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၄ ရက် အရောက် လာရောက်ရမည်ဖြစ်သည်။(က-ပ)

လုပ်ငန်းဆောင်ရွက်မှုတိုင်း လစ်ကွက်ဟာကွက်မရှိ ထိရောက်ထက်မြက်ရန်လို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာအသုံးချ

နေပြည်တော် ဩဂုတ် ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ပထမလေးလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊တာဝန်သိစွာ၊ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ဌာနအလိုက် ဘဏ္ဍာနှစ် ပထမလေးလအတွင်း ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြပြီး သုံးသပ်တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုညှိနှိုင်းအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက်ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း၊ ပြောင်းလဲ တိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာန၏တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝတာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၀၆ ခုနှစ် ပထမအကြိမ် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းနှင့် ပင်မယာဉ် သိုလှောင်ရေးတပ် (ပျဉ်းမနား)တို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းက နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁) မော်တော်ယာဉ်တပ်ရင်း အသင်းအား ပထမဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး အသင်းလိုက် ပထမနှင့် ဒုတိယဆုရ အားကစားသမားများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ရေးမြို့နယ်အတွက် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက်၌ ရေတွင်း ရေကန်များအတွင်း သန့်ရှင်းရေးဆောင်ရွက်၍ ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များကိုလည်းကောင်း၊ အောင်မေတ္တာ၊ အောင်သုခရပ်ကွက်များတွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းသန့်ရှင်းရေး ဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရေးမြို့နယ် သီရိရတနာကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တ ကောဝိဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်၌ ကျောင်းပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၀ အား စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းကို ဆက်သွယ်နေသည့် ရေးမြို့နယ်မှ ၁၂မိုင်နှင့် ၁၈မိုင်ကြား၌ လမ်းနှင့်တံတားများ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ခရိုင် ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူး ဦးသောင်းမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းအချိန်တွင် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ရေးမြို့နယ် အစင်စံပြကျေးရွာ သားဖွားခန်းနှင့် ဓီးဖြူတောင်စံပြကျေးရွာ သားဖွားခန်းများသို့လည်းကောင်း၊ ဒူးယားတိုက်နယ်ဆေးရုံသို့လည်းကောင်း လှည့်လည်သွားရောက်၍ ကိုယ်ဝန် ဆောင်နှင့်မွေးလူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊အဖွဲ့ဝင်များသည် ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လမိုင်းမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ကေလာသ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှည့်ကျ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) သုံးနှစ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)၏ သုံးနှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယင်းကိုယ်ပွား သတင်းစာတိုက်၌ ကျင်းပရာ စစ်တွေမြို့ ဂန္ဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဂန္ဓဆရာတော် အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်တွေမြို့ရှိ ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

● **ရှိဘာစတာမှ**

ယင်းဈေးနှုန်းအခြေအနေသည် ၁၂လတာကာလအတွင်း ရှိဘာစတာကော်ဖီဈေး ၅၀ ရာခိုင်နှုန်းအထိ အတက်ကြမ်းလာခြင်းဖြစ်သည်။ အမှန်စင်စစ်ဆိုရလျှင် ဗီယက်နမ်ဒေသတွင် မိုးသည်းထန်မှုများနှင့် မကြုံရမီကပင် ကော်ဖီဈေးသည် ဝယ်လိုအားများပြားလာနေသည့်အတွက် မြင့်တက်လာနေခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီဈေးမှာ တက်လာနိုင်သည်။ သို့သော် အလွန်အမင်းမြင့်မားသော နှုန်းမျိုးဖြင့် ဈေးတက်လာဖွယ်ရာမရှိဟု လန်ဒန်မြို့ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကော်ဖီအဖွဲ့အစည်းက ခန့်မှန်းသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်အခြေအနေကို ပြန်ကြည့်လျှင် ၂၀၀၃ ခုနှစ်က ကော်ဖီဈေးနှုန်းသည် ကျဆင်းခဲ့သည်။ ထိုစဉ်က ဗီယက်နမ်နိုင်ငံသည် ကော်ဖီများကိုအများအပြားထုတ်လုပ်ခဲ့ သည့်အတွက် ဈေးကွက်တွင် ရောင်းလိုအားပိုင်းကများပြားလာကာ ကော်ဖီဈေးကျရခြင်း ဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံကိုအပြစ်ဆိုကြသည်။

အမှန်ဆိုလျှင် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီဈေးကွက်အတွင်းသို့ ၁၉၉၀ပြည့်နှစ်များ အတွင်းကမှ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ်နောက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသည် ကော်ဖီကို သိသိသာသာတိုးချဲ့စိုက်ပျိုးထုတ်လုပ်လာသည်။ နိုင်ငံ၏ စုစုပေါင်း ရှိဘာစတာကော်ဖီ ထုတ်လုပ်တင်ပို့မှုသည် ဘရာဇီးနိုင်ငံပြီးလျှင် ဒုတိယအများဆုံးတင်ပို့နိုင်သော အဆင့်သို့ ရောက်လာခဲ့သည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီအများဆုံးထုတ်လုပ် တင်ပို့ ရောင်းချသော နိုင်ငံဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအနက် ကော်ဖီကို နိုင်ငံပေါင်း ၇၀ကျော်က စိုက်ပျိုးထုတ်လုပ်သည်။ ယင်းနိုင်ငံ များအနက် ဘရာဇီး၊ ကိုလံဘီယာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကော်စတာရီကာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ပွာတိုရီကိုနိုင်ငံများသည် ကော်ဖီအဓိကစိုက်ပျိုးထုတ်လုပ်ကြသော နိုင်ငံများဖြစ်သည်။

ကမ္ဘာပေါ်တွင် ကော်ဖီကို အဓိကတင်သွင်းသော နိုင်ငံများသည် အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်နှင့် အီတလီနိုင်ငံများဖြစ်သည်။ လူတစ်ဦးကျကော်ဖီသောက်မှုတွင် ဖင်လန်က ၁၁ကီလိုဂရမ်ဖြင့် ပထမ၊ ဒိန်းမတ်က ၉ ဒသမ ၇ ကီလိုဂရမ်ဖြင့် ဒုတိယနှင့် နော်ဝေက ၉ ဒသမ ၅ကီလိုဂရမ်ဖြင့် တတိယလိုက်သည်။ **အင်တာနက်။**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကျောက်တံတားမြို့နယ် မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(မီးသတ်ဦးစီး)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်စခန်းများ ကြည့်ရှု စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မီးသတ်စခန်းသို့ သွားရောက်၍ မီးသတ်စက်ယာဉ်များ အခြေအနေ၊ ရေရရှိရေး ဆောင်ရွက်ထားမှု အခြေအနေ၊ စမ်းချောင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဆောက်လုပ်ဆဲ မီးသတ်စခန်းအသစ် ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံတားမြို့နယ် မီးသတ်စခန်းသို့ သွားရောက်၍ မီးသတ်စက်ယာဉ်များကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးက ရန်ကုန်မြို့ မီးငြိမ်းသတ်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မီးသတ်စခန်းအတွင်းရှိ အိမ်ထောင်သည်လိုင်းခန်းများနှင့် မီးငြိမ်းသတ်ရန် ရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ၏ ပဥ္စမနေ့အစီအစဉ်များကို ဩဂုတ် ၂၄ ရက်တွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်နှင့် ကျောင်းများမှ တပ်မှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန (မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်စစ်သည်များနှင့် ဝန်ထမ်းများ၊ ဧည့်သည်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ပဥ္စမနေ့အစီအစဉ်များ၏ နံနက်ပိုင်းတွင် အတီးပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်း(တစ်ဦးချင်း)၊ (ပတ်ဝိုင်း၊ ကြေး၊ မောင်း) (အမျိုးသား) ပြိုင်ပွဲများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်း အကော်ဒီယံ ဆို၊ တီး (အမျိုးသား၊ အမျိုးသမီး)၊ ခေတ်ပေါ်တီးဝိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပပြီး ညပိုင်းတွင် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက မျက်လှည့်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားမှာ (၆)မျိုးတန်း (၆ ပေါက်တန်း) အဆင့်ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ နောက်ဆုံးစာရင်းပေးရမည့်ရက်မှာ အောက်တိုဘာ ၁ ရက် ဖြစ်သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် ငွေကျပ် ၅၀၀၀၀၊ ပြိုင်ပွဲဝင်ဝတ်စုံ ၁၀စုံနှင့် ခြင်းလုံးတစ်လုံးစီ ပံ့ပိုးပေးမည်ဖြစ်သည်။ ဆုများကိုလည်း ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် ဦးသန်းမောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း– ၀၉ ၈၀ ၂၂၅၃၂၊ ၇၀၅၀၇၀၊ ဦးမျိုးမြင့် တွဲဖက်အတွင်းရေး မှူး ဖုန်း– ၂၂၆၈၇၂တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၄ ရက်က အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်အေးမြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မဆုပြည့်စုံမောင်အား ဆုချီးမြှင့်စဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၈–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ချောင်းမငယ်ရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook.
၁၁:၅၀ ၄။ **မြန်မာရုပ်ရှင် "အကြင်တို့လင်မယား" (သုမောင်၊ မေခလာ) (ဒါရိုက်တာ–သာခု)**
၁:၄၅ ၆။ နောင်ရေးစိတ်အေးစေရာ ကျိုင်းတုံမြို့က ဘိုးဘွားရိပ်သာ
၁:၅၅ ၇။ တေးဂီတအစီအစဉ်
၂:၁၀ ၈။ အတီးပြိုင်ပွဲ
၂:၂၀ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၂:၃၅ ၁၀၊ မန်းချောင်းတံတား
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ လက်ဆင့်ကမ်းအမွေ
၅:၂၀ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅–၂၀နှစ်) (အမျိုးသမီး)
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သီရိဂေဟာ
၇:၀၀ ၁၂။ Discovery.
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမာန်ဆောင်းရဲ့ နေ့ရက်များ" (အပိုင်း–၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း–၁၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

စက်မှုဇုန်များသည် နိုင်ငံတော်၏ စီးပွားပွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လျက် လျှပ်စစ်စွမ်းအားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့နယ်သို့ ရောက်ရှိပြီး ဒဂုံဆိပ်ကမ်းခွဲရုံ၌ အသစ်တပ်ဆင်ထားသည့် (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အမှတ် (၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဒဂုံဆိပ်ကမ်းမြို့နယ် ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာအား ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒဂုံဆိပ်ကမ်းမြို့နယ် ဓာတ်အားခွဲရုံ၌ အသစ်တပ်ဆင်သည့် ၃၃/၁၁ ကေဗွီ(၁၀)အမ်ဗွီအေ ထရန်စဖော်မာကို စက်မှုဇုန်ကော်မတီက ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ လွှဲပြောင်းသည့်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ရှိသည့် လျှပ်စစ်စွမ်းအားများ ထုတ်လုပ်မှုအခြေအနေကိုသိရှိပြီး နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့်ဆောင်ရွက်ချက်များကို ပြည်သူနှင့်လုပ်ငန်းရှင်များ ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက ပိုမိုပြီးပြည့်စုံသည့် အောင်မြင်မှုများ ရရှိလာမည်ဖြစ်ကြောင်း။

ဆောင်ရွက်

စက်မှုဇုန်များသည် နိုင်ငံတော်ဝင်ငွေရရှိရေး၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတို့တွင် အဓိကကျကြောင်း၊ စက်မှုဇုန်များ လျှပ်စစ်ဓာတ်အားသုံးစွဲ၍ စက်များမှန်မှန်လည်ပတ်ကာ ကုန်ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားလိုကြောင်း၊ လိုအပ်သော လျှပ်စစ်စွမ်းအားကို လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လျက် လျှပ်စစ်စွမ်းအား မြှင့်တင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာ တပ်ဆင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးလွင်က စက်မှုဇုန်များ ၂၄ နာရီ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက် စက်မှုဇုန်လုပ်ငန်းရှင်များ ဝိုင်းဝန်းပြီး ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခွင့်ရရှိအောင် ဝိုင်းဝန်းပံ့ပိုးကြသော စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအား လည်းကောင်း၊ (၁၀)အမ်ဗွီအေ ထရန်စဖော်မာ တပ်ဆင်နိုင်ရန် စီမံပေးသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ရက်သတ္တပတ်အတွင်း လုပ်ငန်းအောင်မြင်အောင် နေ့မအား၊ ညမနား ဆောင်ရွက်ပေးသည့် တာဝန်ရှိသူများနှင့် လျှပ်စစ်ဝန်ထမ်းများ အားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒဂုံဆိပ်ကမ်းစက်မှုဇုန် ကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ထရန်စဖော်မာနှင့် ပတ်သက်သည့် အချက်အလက် စာရွက်စာတမ်းများကို ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးထံ လွှဲပြောင်းပေးအပ်သည်။

ဖြည့်ဆည်းပေး

ထို့နောက်ဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ငွေသွင်းကောင်တာကိုသွားရောက်ပြီး ဓာတ်အားခပေးသွင်းသည့် ပြည်သူများအား တွေ့ဆုံ၍ စနစ်သစ်ဖြင့် မီတာဖတ်သည့် လျှပ်စစ်ဓာတ်အားခပေးသွင်းရန် သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် အလုံဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ စွန့်ပစ်အပူသုံး ရေနွေးငွေ့ ဘွိုင်လာများ အကြီးစား အစားထိုး လဲလှယ်ခြင်း ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဒုတိယ အင်ဂျင်နီယာချုပ် ဦးသန်းလွင်က စွန့်ပစ်အပူသုံး ရေနွေးငွေ့ ဘွိုင်လာ အမှတ်(၃) အကြီးစား အစားထိုးပြုပြင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မော်ကျူး (Moudule) အဟောင်းခြောက်စုံကို ဖြုတ်ထုတ် ဖယ်ရှားပြီးစီးမှု အခြေအနေများ၊ မော်ကျူး (Moudule) အသစ်များရောက်ရှိလာမှုနှင့် ဘွိုင်လာအတွင်း ထည့်သွင်းတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံစက်ရုံအတွင်း ဖြုတ်ချထားသော ကျူ့ဘလောက် (Tube Block) အဟောင်းများကို ကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ၁၃၆ တန် ကရိန်းကြီးအသုံးပြု၍ အမြင့်ပေ ၅၀ရှိ အမှတ်(၃) ဘွိုင်လာအတွင်း အလေးချိန်တန် ၄၀ အမြင့်ပေ ၄၀ရှိ မော်ကျူး (Moudule)အသစ်များ ထည့်သွင်းတပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်စေလိုကြောင်း၊ အပျက်အစီး အလေအလွင့်မရှိစေရေး အလေးထားဆောင်ရွက် စေလိုကြောင်းနှင့် ပြုပြင်နေသော အမှတ်(၃)ဘွိုင်လာဖြင့် လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ် ဆောင်ရွက်သည့် **"မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ"** ရေဒီယို အစီအစဉ်ကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက် ဖြေဆိုကြသည်။ **(အပေါ်ပုံ)**

ပေးအပ်

ဖြေဆိုသူများအနက် ပထမဆုကို ဖြိုးစုမွန် (ဒေါပုံမြို့နယ်)၊ ဒုတိယဆုကို မခင်ပြည့်စုံ (ဒေါပုံမြို့နယ်)၊ တတိယဆုကို မတင်တင်ဝင်း (မြောက်ဥက္ကလာပမြို့နယ်)နှင့် နှစ်သိမ့်ဆုကို မသဲစုလှိုင်ထွန်း(ဒဂုံမြို့နယ်)တို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်မှ ပြည်သူလူထုနှင့် လူငယ်များအတွင်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အသိပညာများကို လေ့လာလိုစိတ် ပိုမိုများပြားလာပြီး ဗဟုသုတ ပြည့်စုံကြွယ်ဝကာ မိမိပတ်ဝန်းကျင်ရှိသူများအား အိပ်ချ်အိုင်ဗွီပိုး ကူးစက်မခံရအောင် ကာကွယ်တတ်စေရန်အတွက် ရည်ရွယ် ဆောင်ရွက်လျက်ရှိရာ "မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ" အစီအစဉ်ကို လတစ်လ၏ နောက်ဆုံးပတ် စနေနေ့ ညနေ ၁၇ နာရီနှင့် တနင်္ဂနွေနေ့ ညနေ ၁၆း၁၀ နာရီတွင် ရေဒီယိုအစီအစဉ်မှ လစဉ် ထုတ်လွှင့်သွားမည်ဖြစ်သည်။ "မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိ" ပြိုင်ပွဲတွင် ပါဝင် အဖြေညှိသူ ဝါသနာရှင်များအနေဖြင့် အမှတ်-၄၄၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာန၊ ဖုန်း-၃၇၉၀၅၀ နှင့်အမှတ်-၈၇၊ ၈၉၊ ၉၁၊ ပန်းဆိုးတန်း လမ်းရှိ ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ဖုန်း-၂၄၆၇၀၄၊ ၃၇၈၆၅၁ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။

(သတင်းစဉ်)

အလုပ်သမား ဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးသောင်းက အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် သက်ဆိုင်ရာ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မအိဖြူကျော်တင့်က ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွှေဒေါင်းလမ်း ဘုရင့်နောင်ရိပ်သာနေ ဒေါ်အေးကြည်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း အာဂမ+သဘာဝ စာပြန်ပွဲကို အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်၌ကျင်းပစဉ်။ (သတင်းစဉ်)

အဘိဓမ္မာခုနစ်ကျမ်း အာဂမ+သဘာဝစာပြန်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း အာဂမ+သဘာဝ စာပြန်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြပြီး စာပြန်ကြမည့် ပုဂ္ဂိုလ်များ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် အသင်းသားများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ ဆရာတော်ကြီးကဩဝါဒကထာချီးမြှင့်တော်မူပြီး (၃၉)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်းအာဂုံစာပြန်ပွဲကြီးကိုကျင်းပသည်။

ဖြေဆို

ယခုနှစ် စာပြန်ပွဲကြီးသို့သံဃာတော် ၂၄၇ပါး၊ သီလရှင် ၂၃၄ပါး၊ လူပုဂ္ဂိုလ် ၆၆ဦး စုစုပေါင်း ၅၄၇ ဦးဝင်ရောက်ဖြေဆိုကြကြောင်းသိရသည်။

(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် ဆရာတော်၏ သာသနာပြုပရဟိတ လုပ်ငန်းများဖြစ်သော စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ ရူပံကြယ်စာကြည့်တိုက်နှင့် ရူပံကြယ်ဓမ္မဗိမာန်တော်အတွက် ကာလီဖိုးနီးယား၊ အာကေးဒီးယားမြို့မှ ဒေါက်တာဇော်မင်း-မအဝါမင်း မိသားစုက ငွေကျပ်ခုနစ်သိန်းကို မန္တလေး ပြည်ကြီးတံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ ဆရာတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် (၁၄)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

သဒ္ဓမ္မရံသီရိပ်သာများ ဘုံကထိန်သင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲ အသီးသီးတို့၌ ဝါဆိုတော်မူခဲ့ကြသော သံဃာတော်များနှင့် ပင့်သံဃာတော်များအား ဘုံကထိန်သင်္ကန်းကပ်လှူပွဲကို သဒ္ဓမ္မရံသီရိပ်သာကြီး၌ အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ မဇ္ဈိမပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ(မြောက်ဥက္ကလာပ)၌ အောက်တိုဘာ ၁၅ရက်တွင်လည်းကောင်း၊ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်ကုန်း)၌ အောက်တိုဘာ ၂၁ ရက်တွင်လည်းကောင်း၊ ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ (အင်းတိုင်)၌ အောက်တိုဘာ ၂၉ရက်တွင်လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။ အဆိုပါနေ့များတွင် နံနက် ၈နာရီမှစ၍ ကထိန်သင်္ကန်းများအကပ်ခံပြီး အနုမောဒနာတရား ဟောကြားမည်ဖြစ်သည်။ မရမ်းကုန်း သဒ္ဓမ္မရံသီရိပ်သာကြီး၌ ဥတ်သင်္ကန်းကြီးကို မွန်းတည့် ၁၂နာရီတွင် အကပ်ခံပြီးမှ အနုမောဒနာတရား ဟောကြားမည်ဖြစ်သဖြင့် တရားနာကြားရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနေ ကွယ်လွန်သူ ဦးဌေးမြင့်အား ရည်စူး၍ ဒေါ်သန်းရွှေမိသားစုက ငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်သင်းစိုးကြည် လက်ခံစဉ်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

(၁၄)ကြိမ်မြောက် ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်း ခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ မင်္ဂလာဒုံတပ်နယ်မှဗိုလ်မှူးချုပ်ရဲချစ်ဖေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းတို့မှ အုပ်ချုပ်သူနှင့်အားကစားသမားများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲသတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တံခွန်စိုက်ဒိုင်းဆုကြီးကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် အသက်(၂၀)အောက် ပဏာမမြန်မာလူငယ် ဘောလုံးအသင်းမှ ထွန်းထွန်းဝင်း လေ့ကျင့်စဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အသက်(၂၀)အောက် မြန်မာဘောလုံးအသင်း မဲခေါင်ဒေသတွင်းပြိုင်ပွဲဝင်ရန် စတင်လေ့ကျင့်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပမည့် မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အသက်(၂၀)အောက် ပဏာမ မြန်မာလူငယ်ဘောလုံးအသင်းသည် ဩဂုတ်၂၅ရက်မှ စ၍စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိရာ နည်းပြချုပ်ဦးမျိုးဝင်း(စွမ်းအင်)နှင့် လက်ထောက်နည်းပြ ဦးစိုးမိုး(စီးပွား/ကူးသန်း)တို့က လေ့ကျင့်ပေးလျက်ရှိသည်။

ရွေးချယ် လေ့ကျင့်ပေးနေသည့် ပဏာမလက်ရွေးစင်၂၈ဦးတွင် အဆင့်မြင့်တန်း ကလပ်အသင်း ကိုးသင်းမှ ဘောလုံးသမားများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းမှ ငါးဦးစီ၊ ပို့ဆောင်ရေးမှ လေးဦး၊ ကမ္ဘောဇ၊ စွမ်းအင်၊ ဆောက်လုပ်ရေးနှင့် မြို့တော်စည်ပင်တို့မှ သုံးဦးစီ၊ လယ်/ဆည်နှင့် ကာကွယ်ရေးမှ တစ်ဦးစီ စုစုပေါင်း ၂၈ဦး ပါဝင်ကြသည်။ ယင်းပဏာမကစားသမားအများစုမှာ မြန်မာ့လက်ရွေးစင်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ ပဏာမ လက်ရွေးစင်ဟောင်းများနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်ဟောင်းများဖြစ်ပြီး လူသစ်ကစားသမား အနည်းငယ်သာ ပါဝင်သည် (ကြေးမုံ)

ပဏာမယူ-၂၀အသင်းမှ ဂိုးသမား ကျော်ဇင်ထက် လေ့ကျင့်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း]
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ (အပိုင်း-၂)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	ကလေးတို့အတွက် လက်ဆောင် (ပိန်းပန်းနှင့်သားပိုက်ကောင် ရုပ်ခေါက်နည်း)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တမာပိုးသတ်ဆေး
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	Myanmar Video Rhythm
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မင်ခြစ်လက်ရာများရဲ့ ပိုင်ရှင်(ပန်းချီလှမြင့်ဆွေ)
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	မေတ္တာကိုအခြေပြု နယ်လှည့်လို့ကုတဲ့ယာဉ် (ဒါးကခရီးစဉ်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆း၅၅	ပွဲကြိုသုံးသပ်ချက်	5-Sports
၇း၂၅	Aston Villa - Newcastle	5-Sports (Live)
၉း၃၀	Blackburn - Chelsea	5-Sports (Live)
၁၁း၃၀	Final Score	5-Sports (Live)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ် ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ ညနေပိုင်းတွင် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသော ၂၀၀၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် (အေးရှားပွိုင့်ဘိုးလင်းစင်တာ မန်နေဂျင်းဒါရိုက်တာ)၊အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)နှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် (အေးရှားပွိုင့်ဘိုးလင်းစင်တာမန်နေဂျင်းဒါရိုက်တာ)က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲကို ဖွင့်လှစ်ကြောင်းကြေညာကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

အမျိုးသားအသင်းလိုက် အကြိုဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို သုံးပွဲ–တစ်ပွဲဖြင့်နိုင်ပြီး ပြည်ထဲရေးအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ–နှစ်ပွဲဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသမီးအသင်းလိုက် အကြိုဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန (က) အသင်းက ဘဏ္ဍာ/အခွန်အသင်းကို သုံးပွဲ –နှစ်ပွဲဖြင့်နိုင်ပြီး ပြည်ထဲရေးအသင်းက ကာကွယ်ရေးဝန်ကြီးဌာန (ခ) အသင်းကို သုံးပွဲ –ပွဲမရှိဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့တက်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၆ ခုနှစ် ဝန်ကြီးဌာန ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (အား/ကာ)

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ပြေးခုန်ပစ် အဖွဲ့ကို တွေ့ရစဉ်။
ဓာတ်ပုံစိုးညွန့်(ကြေးမုံ)

မဲခေါင် ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ မြန်မာပြေးခုန်ပစ်အဖွဲ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၂၆

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် မဲခေါင်ဒေသ ခြောက်နိုင်ငံအားကစားပြိုင်ပွဲတွင် မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် တပ်ကြပ်ကြီးလှသိန်း၊ အမျိုးသားနည်းပြအဖြစ် ဦးကျော်ကျော်ဝင်း (သစ်တောရေးရာ)၊ အမျိုးသမီးနည်းပြအဖြစ် ဒေါ်နုရီ (မြို့တော်စည်ပင်)၊ အားကစားသမားများအဖြစ် အမျိုးသား–ကျော်ဆန်းလင်း (မန္တလေးအား/ကာသိပ္ပံ)၊ စောဆရီး (လယ်/ဆည်)၊ ကျော်လွမ်းအောင် (ကာကွယ်ရေး)၊ ဝင်းတင့်၊ အမျိုးသမီး– ယုယုလှိုင်(မန္တလေးအား/ကာသိပ္ပံ)နှင့် ဂျူးဂျူးမ ရန်ကုန် (အား/ကာသိပ္ပံ)၊ တင်သန္တာထွန်းနှင့် တင်ဇာမိုးတို့ပါဝင်ကြသည်။

ပြိုင်ပွဲတွင် မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့သည် မီတာ ၁၀၀x၄ လက်ဆင့်ကမ်းပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ မဲခေါင်ဒေသ နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်နှင့် ဗီယက်နမ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်ကြမည့် မြန်မာလူငယ်အဖွဲ့သည် စနေ၊ တနင်္လာနှင့် ကြာသပတေးနေ့များတွင် သုဝဏ္ဏကွင်း၌လည်းကောင်း၊ ကျန်နေ့များတွင် အောင်ဆန်းကွင်း၌လည်းကောင်း နံနက်နှင့် ညနေတို့တွင် ပြင်းပြင်းထန်ထန် လေ့ကျင့်နေသည်ဟု သိရသည်။ (ကြေးမုံ)

မူးယစ်ဆန့်ကျင်

အောင်ပွဲဆင်

အင်တာနက်

အားကစား

သတင်းများ

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃) ကျင်းပ လီဗာပူးအသင်း ဝက်စ်ဟမ်းကိုအနိုင်ရ

လန်ဒန် ဩဂုတ် ၂၆

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို စနေနေ့က ကျင်းပရာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသည်။



ဩဂုတ် ၂၆ ရက်က အန်းဖီးလ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ဇာဘီအလွန်ဆို (ဝဲ) နှင့် ဝက်စ်ဟမ်း ယူနိုက်တက်အသင်းမှ လီဘောင်ယာတို့ အကြိတ်အနယ်ယှဉ်ပြိုင် ကစားကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စတင်ဂိုး

ပွဲချိန် ၁၂ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ဇမ်မိုရာက ဂိုးသွင်းခဲ့ရာ လီဗာပူးဂိုးသမား ဟိုဆေးရေးနာ အတွက်အချက်မှားသဖြင့် စတင် ဂိုးပေးလိုက်ရခြင်းဖြစ်သည်။

အနိုင်ရ

သို့ရာတွင် လီဗာပူးအသင်းမှာ ပထမပိုင်းမပြီးဆုံးမီပင် ချေပဂိုးသွင်းနိုင်ရန် ကြိုးပမ်းကစားလာပြီး ပွဲချိန် ၄၂ မိနစ်တွင် ဒင်နီယယ်အဂ္ဂါကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်တွင် ခရပ်ချ်ကလည်းကောင်း ဆက်တိုက်ဂိုးသွင်း၍ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

နစ်နာ

ဝက်စဟမ်းမှ လီဘောင်ယာ ချေပဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းကန်သွင်းသည့်ဘောလုံးမှာ ဂိုးတိုင်ကိုထိ၍ နစ်နာခဲ့ရသည်။

အင်တာနက်။

နယ်သာလန် ဘောလုံးသမားဟောင်း ဘေယန်မြူးနစ်သို့ ရောက်လာဖွယ်

ဘာစီလိုနာ ဩဂုတ် ၂၆

နယ်သာလန်နိုင်ငံ၏ လက်ရွေးစင်ဘောလုံးသမားဟောင်း မာ့ခ်ဗန်ဘွန်းမဲလ်သည် ဂျာမန်ချန်ပီယံ ဘေယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လာဖွယ်ရှိကြောင်း၊ ဘွန်းမဲလ်သည် ဘာစီလိုနာအသင်း၏ လွန်ခဲ့သည့်ပွဲ နှစ်ပွဲတွင် ပါဝင်ခြင်းမရှိကြောင်း ဩဂုတ် ၂၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါဝင်

ဘွန်းမဲလ်သည် ပီအက်စ်ဗွီအိန်းဟိုဗင်အသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့သူဖြစ်သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဘောလုံးပွဲစဉ် အများအပြားတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိပေ။

ထုတ်ဖော်

ဘေယန်မြူးနစ်အသင်းသည် မိုက်ကယ်ဘောလက်၏နေရာတွင် အစားထိုးနိုင်မည့် ဘောလုံးသမားတစ်ဦးကို ရှာဖွေလျက်ရှိသည်။ ယင်းအသင်းသည် ဘွန်းမဲလ်အားခေါ်ယူရန် စိတ်ဝင်စားသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဘွန်းမဲလ်သည် မကြာသေးမီက ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သော်လည်း ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် နယ်သာလန် လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံရခြင်းမရှိပေ။ *အင်တာနက်။*

အေစီမီလန်အသင်းသို့ ရောက်ရှိလာမည့် တိုက်စစ်မှူး ရီကာဒို အိုလီဗီရာ (ယာ)။ *(ဓာတ်ပုံ–အင်တာနက်)*

ပရီမီယာလိဂ် အနိုင်အရှုံး

(၂၆–၈–၂၀၀၆)

မန်ယူ	၂–	ဝက်ဖို့ဒ်	၁
အယ်ဗာတန်	၂–	တော့တင်ဟမ်	၁
ချာလ်တန်	၂–	ဘော်လ်တန်	၀
ဖူဟမ်	၁–	ရှက်ဖီး	၀
ဝီဂန်	၁–	ရီးဒင်း	၀
မန်စီးတီး	၁–	အာဆင်နယ်	၀

ရှက်ဗ်ချင်ကို၏ နေရာတွင် အိုလီဗီရာဖြင့် အစားထိုးမည်

မီလန် ဩဂုတ် ၂၆

အသင်းမှ ထွက်ခွာသွားသည့် ယူကရိန်းတိုက်စစ်မှူး အင်ဒရေရှက်ဗ်ချင်ကို၏ နေရာတွင် အစားထိုးနိုင်ရန် ရီးယဲလ်ဘက်တစ်အသင်းမှ ဘရာဇီးလူမျိုးဘောလုံးသမား ရီကာဒိုအိုလီဗီရာသည် အေစီမီလန်အသင်းသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း ဩဂုတ် ၂၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

အိုလီဗီရာသည် အေစီမီလန်အသင်း၌ ပါဝင်ကစားရန် ကျန်းမာရေး စစ်ဆေးမှုများကို ခံယူရဦးမည်ဖြစ်သည်။ ၎င်းသည် အသင်းပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းခန့်ဖြင့် လေးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ *အင်တာနက်။*

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E) နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏(၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏ (၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း မီတာဖတ်စာရေးများက ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခ ငွေတောင်းခံလွှာများ စတင်ဝေသည့် ရက်မှစ၍ ငွေတောင်းခံလွှာတွင် ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံ ကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခ ငွေတောင်းခံလွှာများ (၅)ကြိမ်ဝေမည့် ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံး ပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင်ရမည့်ရက် (မှ)	နောက်ဆုံးပေးဆောင်ရမည့်ရက် (ထိ)	
၁။	၁၁–ရက်	၁၆ရာခိုင်နှုန်း	၁၁–ရက်	၁၇–ရက်	၇–ရက်
၂။	၁၂–ရက်	၁၈ရာခိုင်နှုန်း	၁၂–ရက်	၁၉–ရက်	၈–ရက်
၃။	၁၃–ရက်	၂၀ရာခိုင်နှုန်း	၁၃–ရက်	၂၁–ရက်	၉–ရက်
၄။	၁၄–ရက်	၂၂ရာခိုင်နှုန်း	၁၄–ရက်	၂၃–ရက်	၁၀–ရက်
၅။	၁၅–ရက်	၂၄ရာခိုင်နှုန်း	၁၅–ရက်	၂၅–ရက်	၁၁–ရက်

၆။ ငွေသွင်းရန် သတ်မှတ်ထားသည့် ၁၁ရက်မှ ၂၅ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှု ခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ ၁ရက်နေ့မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်နေ့မှ၁၅ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါဆောင်ရွက်ချက်များကို ဩဂုတ်လသုံးစွဲသော မီတာအား စက်တင်ဘာလ(၁)ရက်နေ့တွင် စတင် ဖတ်ခြင်းမှ ပြုလုပ်သွားမည်ဖြစ်ပြီး နောက်လစဉ် အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ကွယ်လွန်သူမိဘများနှင့် ဦးဟန်ရှိန် (၂)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက် သီရိမြိုင်(၄)လမ်းနေ ဒေါ်ခင်အေး၊ မြေး ခင်ပပမျိုး၊ လှပန်းဘီတင်မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ–နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် နတ်မောက်ရိပ်သာလမ်း တာမွေမြို့နယ် ရန်ကုန်မှ ဦးတင်ဆောင်–ဒေါ်တင်တင်မြင့်မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်နှင်းပန်းလမ်းနေ ဒေါ်ကြင်မှီနှင့် ဒေါ်မေရီမိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တွံတေးအရှင်ဣန္ဒကတရားပွဲ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ) သည် ဩဂုတ် ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ၌ မွန်းလွဲ ၁နာရီမှ ၂နာရီအထိ၊ ယင်းနေ့ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ ဘောက်ထော်၌ မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီအထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က–ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲကျင်းပရန်စီစဉ် အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၆

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး ဦးတည်ရန်တို့ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ် (Road Safety is No Accident)၊ အသိနဲ့ပြင် သတိနဲ့ယှဉ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းကြောင်းမှန်စွာ မောင်းနှင်ပေး၊ အမှားတစ်ချက် အသက်ပေါင်းများစွာ ခေါင်းစဉ်များဖြင့် ကြိုက်နှစ်သက်ရာ ရေးသားနိုင်သည်။

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများဖြင့်သာ ယှဉ်ပြိုင်စေပြီး ခေါင်းစဉ်အဖြစ် "ပြိုင်ပွဲဝင်ရန် သတ်မှတ်ခေါင်းစဉ်"သတ်မှတ်ထားသည်။ အခြေခံပညာဦးစီးဌာနအနေဖြင့်သာ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူငါးဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ တတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀မှ ၁၀၀၀၀အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းနှင့်ပိုစတာပြိုင်ပွဲအတွက် ပုံများကို (၁၅x၂၀)လက်မ အရွယ်အစားနှစ်သက်ရာစက္ကူ၊ ဆေး၊ ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏ အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။

ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD-ROM) တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက် ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများမပြုလုပ်ရ၊ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော်ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။

ထိုသို့ အသုံးပြုရာတွင် သက်ဆိုင်ရာ ဓာတ်ပုံပညာရှင်၏အမည်ကို ဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့် ကြေညာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်းဆုရဓာတ်ပုံများ၏ နဂ္ဂတစ် (သို့) ဆလိုက် (သို့) ဒစ်ဂျစ်တယ်ကင်မရာဖြင့်ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 300 dpi နှင့် ခြောက်လက်မ ကိုးလက်မအရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်းပေးပို့ရမည် ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသော ပုံများကို ဆုရစာရင်းမှ ပယ်ဖျက်၍ ယင်းနေရာတွင် အောက်မှပုံများကို အစဉ်အတိုင်း အစားထိုးမည်ဖြစ်သည်။ အဆိုပါ ဆုရပုံများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မx၁၄လက်မ (ဆေးရောင်စုံဓာတ်ပုံ) ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။ ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ(နောက်ဆုံး)ပတ်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျောင်းများတွင် ထုတ်ပေးထားသော "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"ရုပ်ပြစာအုပ်မှ မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့်ပြိုင်ပွဲကို စက်တင်ဘာနောက်ဆုံးပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့်ပိုစတာများကို ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီးအောင်နိုင် ၅၁လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း–၂၉၈၆၅၁သို့ လည်းကောင်း၊ ပြိုင်ပွဲဝင်ဒစ်ဂျစ်တယ် ပိုစတာပုံများကို ဦးစိုးမြင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ) ဖုန်း–၆၆၄၂၅၄၊ ၆၁၀၆၂၂ လိုင်းခွဲ ၂၀၆ သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) (၃၅)လမ်းအောက် ပထမထပ် ကျောက်တံတားမြို့နယ် ဖုန်း–၃၇၃၁၆၇ သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲဝင်ပုံများနှင့်စာမူများအားလုံးကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၅ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၁၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပုဇွန်တောင်မြို့နယ် ဦးဝိဇ္ဇာလမ်းနေ ဒေါက်တာဦးခင်ဇော်–ဒေါ်ယုယုမော်တို့၏သား ဒုတိယတန်း(က)မှ မောင်ရှိုင်းဝဏ္ဏအောင်က အာဟာရကျွေးမွေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်

စစ်တွေတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများနှင့် အစိုးရနည်းပညာကောလိပ်(စစ်တွေ) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက စစ်တွေတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ထွေးက စစ်တွေတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဘရွှေက တက္ကသိုလ်အတွင်း တည်ဆောက်ပြီးအဆောက် အအုံများ၌ ပညာသင်ကြားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြားခြင်း ဆောင်ရွက်ပေးပြီး တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များနှင့် အသစ် ဆောက်လုပ်လျက်ရှိသော နှစ်ထပ်စာသင်ဆောင်အခြေ အနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် အစိုးရနည်းပညာကောလိပ် (စစ်တွေ)သို့သွားရောက်ရာ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးဝင်းက ပညာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး၍ ကောလိပ်အတွင်း ပညာသင်ကြားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၂၆ ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ၂၀၀၆ ခုနှစ် ပထမအကြိမ် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းအသင်းအား ပထမဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်း–ဇ) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှု စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေး ပညာပေးဟောပြောပွဲသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ရေးဦးစွာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ တင်ဝင်းကျော်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေး ဟောပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ မြန်မာနိုင်ငံကို ကွဲ၊ နွား ကျောက် ရောဂါ ကင်းရှင်းသည့် နိုင်ငံအဖြစ် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်တွင် အသိအမှတ်ပြုခဲ့သည်။

ကမ္ဘာပေါ်တွင် ကွဲ၊ နွား ကျောက် ရောဂါ ကင်းရှင်းသည့် နိုင်ငံပေါင်း ၈၇ နိုင်ငံ ရှိသည့်အနက် အာရှမှ ကိုးနိုင်ငံပါဝင်ရာ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

☆ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ထားတယ် မဟုတ်လား၊ အခုလုပ်ဆောင် နေတာ (၅)ရပ် မကတော့ဘူး၊ ကျေးလက် စာကြည့်တိုက်နဲ့ ကျေးရွာမီးလင်းရေးအတွက်ပါ လုပ်နေတာ တွေ့ရတယ်၊ ကျေးရွာတိုင်းမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ထူထောင်ပြီးတာကိုလည်း တွေ့နေရပြီ၊ ရွာတိုင်း မီးလင်းရေးကိုလည်း နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြလေရဲ့။

ဟိန်းမြင့်၏ **"အငြိမ်းစားတို့ စကားဝိုင်း (၁၉)"**

(ဆောင်းပါး) စာမျက်နှာ–၆

ကြေးမုံ The Mirror အင်တာနက်သတင်း

ဘရာဇီးနိုင်ငံ ကော်ဖီခြံတစ်ခြံမှ ကော်ဖီပင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရိုဘာစတာအမျိုးအစားကော်ဖီ ကမ္ဘာ့ဈေးကွက်တွင် ခုနှစ်နှစ်အတွင်း ဈေးနှုန်းအမြင့်ဆုံး ရောက်ရှိ

လန်ဒန် ဩဂုတ် ၂၆

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုကြောင့် ကော်ဖီစိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့ရသဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်၌ ရိုဘာစတာအမျိုးအစား ကော်ဖီဈေးနှုန်းမှာ ခုနစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိသွားသည်ဟုဆိုသည်။

ရိုဘာစတာကော်ဖီမျိုးကို အသင့်သောက်သုံးနိုင်သော ကော်ဖီများပြုလုပ်ရာတွင် အဓိကသုံးစွဲသည်။ ယခုနှစ် ဆိုင်ကလုန်းရာသီတွင် ဗီယက်နမ်နိုင်ငံ၌ မိုးအထူးများပြားခဲ့သည်။ ထို့အတွက်ကြောင့် ကော်ဖီခင်းများ ပျက်စီးကာ ကော်ဖီအထွက်ကျဆင်းသွားရပြီး ဈေးကွက်၌ ဝယ်လိုအား များပြားနေသဖြင့် ရိုဘာစတာကော်ဖီ ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ငွေ ၁၆၆၈ ဒေါ်လာသို့မဟုတ် ပေါင်ငွေ ၈၈၃ ပေါင်အထိမြင့်တက်သွား ရခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

ကြေးမုံ The Mirror ယနေ့မိုးလေဝသ

၂၇–၈–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။